# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာလ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူး မီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှ ညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို သုံးရက်တိုင်တိုင် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သီတင်းကျွတ်လပြည့် (အဖိတ်နေ့) ညပိုင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စည်ကားစွာတွေ့ရစဉ်။

## ယနေ့ မာ တိ ကာ

### ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်အခြေအနေအတိုင်း ဝယ်ယူလျက်ရှိ

ပြည်တွင်းသတင်း စာ ၄



### မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်တွင်းသတင်း စာ ၂

### မီဒီယာသတ်ကွင်းထဲက ယနေ့အစ္စရေးနှင့် ပါလက်စတိုင်း

ဆောင်းပါး စာ ၆



### “မုန်း” ကို အမြဲပြုံးစေချင်ပြီ

ဆောင်းပါး စာ ၁၀

## ထူးခြားသည့် ညအပူချိန်များ

၁၃-၁၁-၂၀၂၃

| | | |
|---|---|---|
| ဟားခါးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၁၀ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၁၀ | ဒီဂရီစင်တီဂရိတ် |

## ညအပူချိန်များ

| | | |
|---|---|---|
| ချင်းပြည်နယ် | ၂ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော် | ၂ | ဒီဂရီစင်တီဂရိတ် |
| ရှမ်းပြည်နယ် | ၃ | ဒီဂရီစင်တီဂရိတ် |
| ကယားပြည်နယ် | ၄ | ဒီဂရီစင်တီဂရိတ် |

# ဆီးချို သွေးချိုအန္တရာယ် ကာကွယ်ဖို့ ကိုယ်တိုင်သိရှိဆင်ခြင်စို့

ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနှုန်းသည် ကမ္ဘာ့နိုင်ငံများတွင်ရော မြန်မာနိုင်ငံ၌ပါ မြင့်တက်လျက်ရှိသည်ဟု သိရသည်။ ဆီးချိုသွေးချိုရောဂါသည် ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါမဟုတ်သည့် နာတာရှည်ရောဂါမျိုးဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးသော ရောဂါများအနက် နံပါတ် ၇ နေရာသို့ ရောက်ရှိလာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့သော စစ်တမ်းအရ အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနှုန်း လူ ၁၀၀ လျှင် ၁၀ ဒသမ ၅ ဦးခန့်ရှိနေရာ မြန်မာနိုင်ငံလူဦးရေအနက် လူ ၂ ဒသမ ၅ သန်းခန့် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားလျက်ရှိသည်ဟု ခန့်မှန်းထားသည်။ ယင်းဖြစ်ပွားနှုန်းသည် အိမ်နီးချင်းနိုင်ငံများထက် ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံသူနိုင်ငံသားများ ဆီးချိုသွေးချိုရောဂါဆိုင်ရာ အသိပညာများ ပိုမိုသိရှိရန်လိုအပ်ပြီး ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် နေ့စဉ်ဘဝနေထိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲကြရန်လည်း လိုအပ်သည်။

ဆီးချိုသွေးချိုရောဂါ အပါအဝင် နှလုံးသွေးကြောရောဂါ၊ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ စသည်တို့မှာ မကူးစက်နိုင်သောရောဂါများဖြစ်ပြီး ကျန်းမာရေးနှင့် မညီညွတ်သော လူနေမှုဘဝပုံစံများကြောင့် ဖြစ်ပေါ်လာသည့် နာတာရှည်ရောဂါများဖြစ်သည်ဟု ကျန်းမာရေးပညာရှင်များက ဆိုသည်။ ဆေးလိပ်၊ အရက်၊ ဆေးရွက်ကြီးသုံးစွဲခြင်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ စားသုံးမှုနည်းပါးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ သွေးတိုးရောဂါဖြစ်ပွားခြင်း၊ ဆီးချိုသွေးချိုဖြစ်ပွားခြင်း စသည့် အကြောင်းအရာများကြောင့် အထက်ဖော်ပြပါ မကူးစက်တတ်သောရောဂါများ ဖြစ်ပေါ်လာရသည်။ ၂၀၂၁ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေသူ ၅၃၇ သန်း ရှိနေပြီး ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေသူများ၏ ထက်ဝက်ခန့်မှာ မိမိတို့တွင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေသည်ကို မသိရှိကြဟုဆိုသည်။ ဆီးချိုရောဂါကြောင့် သေဆုံးမှုမှာ နှစ်စဉ်မြင့်တက်လျက်ရှိရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပိုမိုများပြားနေသည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် စစ်တမ်းအရ ကနဦးဆီးချိုအဆင့်ရှိသူ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိနေပြီး ၎င်းတို့သည် ဆက်လက်၍ ဆီးချိုရောဂါ ဝေဒနာရှင်အဖြစ် ရောက်ရှိလာကာ နောက်ဆက်တွဲရောဂါများဖြစ်နိုင်ခြေလည်း အလွန်များပြားသည်။ ဆီးချိုသွေးချို၏ နောက်ဆက်တွဲရောဂါများအဖြစ် ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိမြင်လွှာထိခိုက်၍ မျက်စိကွယ်ခြင်း၊ အာရုံကြောထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ခြေထောက်ပုပ်ခြင်းတို့အပြင် ကင်ဆာရောဂါများလည်း ပိုမို၍ဖြစ်နိုင်ခြေများပြီး ဆီးချိုသွေးချိုရောဂါရှင် ၁၀ ဦးလျှင် ရှစ်ဦးမှာ နှလုံးသွေးကြောရောဂါများဖြစ်ပေါ်လာနိုင်သည်။ ဆီးချိုသွေးချိုရောဂါရှိသူများသည် သွေးချိုဓာတ်ကို ပုံမှန်စစ်ဆေးပြီး မှတ်တမ်းပြုလုပ်ထားရန်၊ မျက်စိကိုအနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်စစ်ဆေးရန်၊ ကျောက်ကပ်ထိခိုက်မှုကို စောစီးစွာဖော်ထုတ်နိုင်ရန်အတွက် ဆီးတွင် အသားဓာတ်ပါဝင်မှုကို ခြောက်လတစ်ကြိမ် စစ်ဆေးရန်၊ သွေးတွင်းအဆီဓာတ်ကို ခြောက်လတစ်ကြိမ် စစ်ဆေးရန်၊ ခြေထောက်နှင့် ခြေဖဝါးများကို နေ့စဉ်ကြည့်ရှုစစ်ဆေးရန်၊ သွေးပေါင်နှင့်နှလုံးတို့ကို ပုံမှန်စစ်ဆေးရန်၊ သွေးချိုဓာတ်၊ သွေးတိုးရောဂါနှင့် သွေးတွင်းအဆီဓာတ်များကို ဆရာဝန်နှင့် ပုံမှန်ပြသ၍ ကုသမှုခံယူရန်လိုသည်။

ဆီးချိုသွေးချိုရောဂါသည် အမြစ်ပြတ်အောင် ကုသ၍မရသော်လည်း ဆရာဝန်နှင့်ပြသ၍ သွေးချိုမှန်မှန် စစ်ဆေးရန်လိုသည်။ ဆီးချိုသွေးချိုရောဂါရှိသူများ ရှောင်ရန်ဆောင်ရန် အချက်များနှင့်အညီ စနစ်တကျနေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် ဆေးကုသမှုခံယူခြင်းဖြင့် သက်တမ်းစေ့နေထိုင်နိုင်ကြပါစေရန် ယနေ့ နိုဝင်ဘာလ ၁၄ ရက်တွင် ကျရောက်သော ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ "ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့ ကိုယ်တိုင်သိရှိဆင်ခြင်စို့" ဆောင်ပုဒ်နှင့်အညီ တိုက်တွန်းဆော်ဩလိုက်ရပါကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၅ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၁၃ ရက် )

### မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ တကောင်းဘုရားလမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၀ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်အတွင်းရှိ မသန်စွမ်းအမျိုးအစားအလိုက် မှတ်ပုံတင် ထပ်မံရရှိသူများအား ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ထောက်ပံ့

ဘားအံ နိုဝင်ဘာ ၁၃

ဘားအံမြို့နယ်အတွင်းရှိ မသန်စွမ်းအမျိုးအစားအလိုက် မှတ်ပုံတင်ရရှိသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘားအံမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မသန်စွမ်းမှတ်ပုံတင် ရရှိလာသည့်သူများအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ၌ တစ်ကြိမ်၊ ၂၀၂၃ ခုနှစ်၊ မတ်လတွင် တစ်ကြိမ်နှင့် ယခုထပ်မံ၍ မသန်စွမ်းမှတ်ပုံတင် ထပ်မံရရှိလာသော ၃၅၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ကျပ်တစ်ရာ့ငါးသိန်းသုံးသောင်း (၁၀၅၃၀၀၀၀) ကို လက်ဝယ်အရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများအားလုံး စွမ်းဆောင်ရည်မြင့်မားရေး တူညီမျှတသည့် အခွင့်အလမ်းများ ခံစားရရှိရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းနှင့် လာမည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြိုအဖြစ် ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ အပြေးပြိုင်ပွဲ၊ ဘောလုံးပစ်၊ ဘိုရိမ်းပစ် အားကစားနည်းများအား ယှဉ်ပြိုင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမြို့ နယ်အတွင်းရှိ မသန်စွမ်းမှတ်ပုံတင် ထပ်မံရရှိသူ ၃၅၁ ဦးအတွက် မှတ်ပုံတင်နှင့် ထောက်ပံ့ငွေကျပ် တစ်ရာ့ငါးသိန်းသုံးသောင်းအား ဘားအံခရိုင် အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသည့် မသန်စွမ်းသူများကို မသန်စွမ်းမှတ်ပုံတင်၊ ထောက်ပံ့ငွေနှင့် အားဖြည့်အချိုရည်များကို ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် မသန်စွမ်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မသန်စွမ်းသူများအား Biometric အချက်အလက် ဖြည့်သွင်း၍ UID ကတ်များ ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၃

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ၊ ဒုတိယဆုရ **"ရေနံ့သာမောင်ကျော်ညွန့် "** ရေးသားသည့် **" ရေအဆန်လေထန်ကြမ်းပေမဲ့ ကမ်းရောက်ခဲ့ပြီ"** စာအုပ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

သတင်းစဉ်

# တောင်သူလယ်သမားကိုယ်တိုင် ပူးပေါင်းပါဝင်သော သီးနှံမျိုးများ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးလာရေး အားပေးမြှင့်တင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မျိုးကောင်းမျိုးသန့်လွှမ်းခြုံနိုင်စေရန် ဒေသအသီးသီးရှိ တောင်သူလယ်သမားကိုယ်တိုင် ပူးပေါင်းပါဝင်သော သီးနှံမျိုးများ မျိုးစပ်မွေးမြူရွေးချယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို အားပေးမြှင့်တင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာတွင် ကျင်းပသော တောင်သူများ ကိုယ်တိုင်ပါဝင် ပူးပေါင်းရွေးချယ်သည့် မျိုးစပါး သားဆက်လိုင်းများ ကွင်းဆင်းရွေးချယ်ခြင်း အခမ်းအနား၌ ပြောကြားသည်။



အဆိုပါ မျိုးစပါးသားဆက်လိုင်းများသည် ၂၀၂၂ ခုနှစ် နွေစပါးရာသီတွင် မျိုးကူးစပ်မွေးမြူခဲ့သည့် အရည်အသွေးကောင်း မိဘမျိုး နှစ်မျိုးမှ လေးမျိုးအထိပါဝင်သည့် ဗီဇအစုအဖွဲ့များစွာပါဝင်သော သားဆက်လိုင်းစပါးမျိုးကွဲများဖြစ်ကြောင်း၊ မျိုးလိုင်းများကို ပြည်တွင်းပုဂ္ဂလိက မျိုးစေ့ထုတ် ကုမ္ပဏီတစ်ခုက စတင်မျိုးစပ်မွေးမြူပြီး စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းမှု အစီအစဉ်ဖြင့် ကြို့ပင်ကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်းများတွင် စိုက်ပျိုးထားရှိကာ တောင်သူများနှင့်အတူ မျိုးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

သားဆက် လိုင်းများကို သက်တမ်းအုပ်စု သုံးအုပ်စုခွဲခြား ရွေးချယ်သွားမည်ဖြစ်ပြီး လာမည့် စိုက်ပျိုးရာသီတွင် အပင်အမြင့်ကို မူတည်ရွေးချယ်ပြီး နောက်ရာသီများတွင် စားသုံးမှုအရည်အသွေး၊ ရောဂါဒဏ် ခံနိုင်ရည်ရှိမှုနှင့် အပင်ယိုင်လဲမှုတို့အပေါ်အခြေခံ ရွေးချယ်မည် ဖြစ်ကြောင်းနှင့် ရွေးချယ်ပြီး ဗီဇအစုအဖွဲ့ဦးရေကို မြန်မာနိုင်ငံစပါးစိုက်ပျိုးရာ ဒေသအသီးသီးတွင် စိုက်ပျိုး၍ တောင်သူများကိုယ်တိုင် မိမိတို့ဒေသနှင့် ကိုက်ညီသော မျိုးကို ရွေးချယ်အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်သည့် နည်းစနစ်ကို အိန္ဒိယ၊ တရုတ်၊ နီပေါနှင့် အာဖရိကနိုင်ငံများတွင် အောင်မြင်စွာ ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ကြို့ပင်ကျေးရွာ တောင်သူ့စိုက်ကွင်းတွင် စမ်းသပ် စိုက်ပျိုးထားသော သားဆက်(၃)တွဲ၏ ဗီဇကွဲဦးရေမှ သက်တမ်း ၁၁၀ ခန့်ရှိ မျိုးစပါး သားဆက်လိုင်းများ ရွေးချယ်ခြင်းကို ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့မှ တောင်သူ ၄၅ ဦး အပါအဝင် ဒေသခံတောင်သူများက မိမိတို့စိတ်ကြိုက်မျိုးကို ရွေးချယ်နိုင်ကြရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့စပါးမျိုးများအား တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်သော ကွင်းသရုပ်ပြပွဲများမှ တစ်ဆင့် တောင်သူကိုယ်တိုင် မျိုးထုတ်စိုက်ပျိုးနိုင်သည့် အဆင့်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်ချက်များ အားပေးကူညီလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online, Mobile Payment ဖြင့် ပေးသွင်းခြင်းနှင့် အွန်လိုင်းကျောင်းဝင်မှတ်ပုံတင်ခြင်းတို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တက္ကသိုလ် ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online, Mobile Payment ဖြင့် ပေးသွင်းခြင်းနှင့် အွန်လိုင်းကျောင်းဝင် မှတ်ပုံတင်ခြင်း (Online Registration) တို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ CB ဘဏ်၊ ယူနိုက်တက် အမရာဘဏ်၊ Telecom International Myanmar တို့မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ် ၅၀ တွင် နေ့သင်တန်းနှင့် အဝေးသင်ကျောင်းသားဦးရေ စုစုပေါင်း ငါး သိန်းကျော်နှင့် ပညာရေး ဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ကျောင်းသားဦးရေ နှစ်သောင်းနီးပါးရှိကြောင်း၊ အထူးသဖြင့် အဝေးသင်ကျောင်းသားအချို့မှာ နယ်အဝေးမှ တက္ကသိုလ်သို့ လာရောက် ကျောင်းအပ်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် User-friendly Online Platform တည်ဆောက်ပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူ User များ အဆင်ပြေချောမွေ့စွာ အွန်လိုင်းမှ ကျောင်းဝင်မှတ်ပုံတင်ခြင်း (Online Registration) ပြုလုပ်ကာ ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာမေးပွဲကြေးတို့ကို Online, Mobile Payment ဖြင့် ပေးသွင်းနိုင်သည့်စနစ် ကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက်ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) အထွေထွေ မန်နေဂျာနှင့် တက်ရောက်လာသော ဘဏ်အကြီးအကဲများက ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမြှင့်တင်ရာတွင် ဘဏ်လုပ်ငန်းများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့်မကြာမီ ဦးစီးကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်သွားကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မဒေါက်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် ပဲခူးမြို့တွင် ၁ ဒသမ ၃၀ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ဒု-ဦးစီးမှူး(စက်/လျှပ်)များ လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်း(၁/၂၀၂၃)ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒု-ဦးစီးမှူး (စက်/လျှပ်)များ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန နေပြည်တော် ဗဟိုသင်တန်း ကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးညာဏ်ထွန်း၊ ဝန်ကြီး ဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန များနှင့် လုပ်ငန်းများမှ အဆင့်မြင့် အရာရှိကြီးများ၊ သင်တန်းနည်းပြ များနှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီးက ယခုသင်တန်းကို ဝန်ထမ်းများစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာ ရေးနှင့် ပစ္စည်းစီမံရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်တတ် စေရန်နှင့်ဓာတ်အား ကွပ်ကဲ/ ထိန်းသိမ်း/ မောင်းနှင်ပြုပြင်ထိန်း သိမ်းခြင်းလုပ်ငန်းများကို ဆောင် ရွက်တတ်စေရန် ဖွင့်လှစ်ပို့ချပေး ခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ပြည်သူများနှင့် ဆက်ဆံဝန်ဆောင် မှုပေးသည့်အခါ တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တူညီသည့် အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာ၍ အရေးတယူ ဝန်ဆောင်မှုပေးရန် လိုအပ် ကြောင်း၊ သင်တန်းတွင် သင်ကြား ပေးမည့် စာတွေ့၊ လက်တွေ့ အတွေ့အကြုံနှင့် ကြုံဆချက်များ ကို ပေါင်းစပ်၍ စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံ့သားကောင်း များဖြစ်အောင် အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းပါ ကြောင်း ပြောကြားသည်။



လျှပ်စစ်ဓာတ်အား ပို့လွှတ် ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒု- ဦးစီးမှူး(စက်/လျှပ်)များ လုပ်ငန်း ခွင်ဝင် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သို့ သင်တန်းသား ၅၀ တက်ရောက်မည်ဖြစ်ပြီး ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြား ပို့ချပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပြည်သူ့ရေရှည်အကျိုးအတွက် EV ပညာရှင်များ မွေးထုတ်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များအရ -ပြည်သူများအတွက် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု အနာဂတ်ကို ဖော်ဆောင်ပေးနိုင်ရန်၊ လေထုလွှာအတွင်းသို့ ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုလျှော့ချပြီး ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိနိုင်ရန်နှင့် ပြည်သူများ၏ ကောင်းမွန်သော ကျန်းမာရေးအတွက် လေထုလွှာညစ်ညမ်းမှုလျှော့ချ နိုင်စေရန်၊ နိုင်ငံတကာသယ်ယူပို့ဆောင်ရေးကဏ္ဍ နှင့် ရင်ပေါင်တန်းကာ ပြည်သူများ လျှပ်စစ်သုံးယာဉ် များ အဆင်ပြေပြေ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင် ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်သည့်သုတေသနဖွံ့ဖြိုးရေး၊ နည်းပညာပြန့်ပွား ရေးနှင့် အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာ ရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိရာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီး ဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ၁၅- ၁၂-၂၀၂၂ ရက်နေ့မှ စတင်၍ လျှပ်စစ်သုံးယာဉ် (Electric Vehicle-EV) သင်တန်းများကို ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ဒုတိယဝန်ကြီး



ဒေါက်တာအောင်ဇေယျသည် နိုဝင်ဘာ ၁၂ ရက်က အဆိုပါ သင်တန်းများအတွက် သင်ထောက်ကူ ပစ္စည်းများ ဖြည့်တင်းထားမှုများနှင့် ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ခဲ့သည်။ **(အပေါ်ပုံ)**

ဦးစွာ ဒုတိယဝန်ကြီးသည် တစ်ချပ်လျှင် 550 ကီလိုဝပ် လျှပ်စစ်စွမ်းအားနှုန်းရှိသော ဆိုလာ မော်ကျူး ၈၈ ချပ် တပ်ဆင်ထားသည့် ဆိုလာ ကားပါကင်စနစ်သုံး လျှပ်စစ်သုံးယာဉ်အားသွင်းစနစ် ရှိ အိမ်သုံး ၇ ကီလိုဝပ် Single – Phase AC Type 2 Charger မှ လျှပ်စစ်သုံးယာဉ်တစ်စီးကို အားသွင်း နေမှု အခြေအနေများနှင့် ၂၂ ကီလိုဝပ် Three-Phase AC Type 2 Charger တို့ကို စစ်ဆေးပြီး ပြန်ပြည့်မြဲ စွမ်းအင်ဖြစ်သော ဆိုလာနှင့် ဓာတ်အားကွန်ရက်စနစ် (Grid)တို့ ပေါင်းစပ်ပြီး Hybrid System ဖြင့် လျှပ်စစ် သုံးယာဉ်အားသွင်းစနစ် တပ်ဆင်ထားသဖြင့် Grid အတွက် ရုပ်ကြွင်းလောင်စာအသုံးပြုရမှုများ၊ ကာဗွန် ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရုံမျှမက အခြား ရေရှည်အကျိုးကျေးဇူးများစွာကိုပါ ရရှိနိုင်ကြောင်း၊ ထုတ်ယူသည့် Power Quality ကောင်းမွန်စေရေး ပုံမှန်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်သုံး ယာဉ်သင်တန်းဆိုင်ရာ အလုပ်ရုံတွင် ဆိုလာစနစ်မှ Data Logger၊ Single-Phase Off-Grid နှင့် Three-Phase Hybrid အင်ဗာတာများ၊ ဘက်ထရီများနှင့် Battery Management System တို့ တပ်ဆင်သုံးစွဲမှု၊ ၆၀ ကီလိုဝပ် Level-3 DC Charger တပ်ဆင်ထားမှု အခြေအနေ၊ လျှပ်စစ်သုံးယာဉ်သင်တန်း အလုပ်ရုံ ပြင်ဆင်မွမ်းမံနေမှုနှင့် စက်မှုအင်ဂျင်နီယာဌာန အလုပ်ရုံကို အကြီးစားပြင်ဆင်နေမှုများ၊ ကျောင်းဝင်း အတွင်း ပြုပြင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာ လှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေ များကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် TOT သင်တန်း အပတ်စဉ်လေးခုမှ သင်တန်းဆင်း ၇၄ ဦး၊ TOT မွမ်းမံသင်တန်းတစ်ခုမှ သင်တန်းဆင်း ၁၅ ဦး၊ EV ဆိုင်ရာ ပုံမှန်ဆင့်ပွားသင်တန်း နှစ်ခုမှ သင်တန်း ဆင်း ၇၅ ဦးနှင့် လျှပ်စစ်သုံးယာဉ်(EV)စစ်ဆေးရေး အထောက်အကူပြုသင်တန်းမှ သင်တန်းဆင်း ၃၉ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကာ လျာထားစီမံ ချက်အတိုင်း သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်အခြေအနေအတိုင်း ဝယ်ယူလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**



ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီ အရောင်းဆိုင် ၁၄၆ ဆိုင်တွင် အရောင်းဆိုင်အချို့၌ ပုံမှန်ထက် စက်သုံးဆီဝယ်ယူမှု ပိုမိုမြင့်မား လာမှုကြောင့် လိုအပ်သောစက်သုံး ဆီများကို စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် ရန်ကုန်သီလဝါဆိပ်ကမ်းဒေသရှိ Terminal များမှ ယင်းစက်သုံးဆီ အရောင်းဆိုင်များသို့ နိုဝင်ဘာ ၁၁ ရက်တွင် ဆီတင်ယာဉ် ၃၃၄ စီးဖြင့် 92 Ron ဂါလန် လေးသိန်းကျော်၊ 95 Ron ဂါလန် တစ်သိန်းကျော်၊ ဒီဇယ်ဆီ ဂါလန် တစ်သိန်း ခုနစ် သောင်းကျော်နှင့် ပရီမီယမ်ဒီဇယ် ဆီ ဂါလန် နှစ်သိန်း ခုနစ်သောင်း ကျော်အားလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဆီတင်ယာဉ် ၂၆၈စီး ဖြင့် 92 Ron ဂါလန် သုံးသိန်း ကျော်၊ 95 Ron ဂါလန် ခုနစ် သောင်းခွဲကျော်၊ ဒီဇယ်ဆီ ဂါလန် တစ်သိန်း လေးသောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် နှစ်သိန်း သုံးသောင်းကျော်အား လည်း ကောင်း ဖြည့်တင်းဆောင်ရွက်ပေး ခဲ့သဖြင့် နိုဝင်ဘာ ၁၃ ရက်မှစ၍ ယင်းအရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက် ဝယ်ယူမှု အခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန် အခြေအနေအတိုင်းဖြစ်ပါကြောင်း နှင့် လိုအပ်ပါက စက်သုံးဆီများကို လိုအပ်သလို အချိန်မီဖြည့်ဆည်း ပေးသွားမည်ဖြစ်သဖြင့် ပြည်သူ လူထုအနေဖြင့် လိုအပ်သော စက် သုံးဆီများကို လိုအပ်သလို ဝယ်ယူ နိုင်ပြီဖြစ်ပါကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပုဂံရှေးဟောင်းသုတေသနပြတိုက် ဝင်ကြေး ပြောင်းလဲတိုးမြှင့်ကောက်ခံသွားမည်

**ညောင်ဦး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ပုဂံ ရှေးဟောင်းသုတေသနပြတိုက်သို့ ဝင်ရောက်လေ့လာမည့် ပြည်တွင်း ပြည်ပဧည့်သည်များကို ပြတိုက်ဝင်ကြေးနှုန်းထားများ ပြောင်းလဲတိုးမြှင့် ကောက်ခံသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)တာဝန်ရှိသူများထံမှ သိရသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ဝင်ရောက်လေ့လာသည့် ပြည်တွင်း ပြည်ပဧည့်သည်များထံမှ ဝင်ကြေးကောက်ခံမှုနှုန်းထားများကို ပြည်ပဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်း၊ ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၅၀၀နှုန်း ဖြင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကောက်ခံခဲ့ကြောင်း၊ ယခုအခါ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်နမှစတင်ကာ ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ဝင်ရောက်လေ့လာမည့် ပြည်တွင်းပြည်ပဧည့်သည်များအား ဝင်ကြေးကောက်ခံမှုနှုန်းထား ပြည်ပဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀သို့ တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ပြီး ၁၀ နှစ်အောက်ကလေးငယ်များ၊ ရဟန်း တော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား အခမဲ့ဝင်ရောက်ခွင့် ခွင့်ပြုပေးထားကြောင်း သိရသည်။

**ဒီပါလင်း**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လွိုင်ကော်ဒေသတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ ရှမ်းမြောက်ဘက်ရယ်၊ လွိုင်ကော်ဘက်၊ ရခိုင်ပြည်နယ်ဘက်၊ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာတော့ တာမိုးညဲအရှေ့မြောက်ဘက်လောက်မှာ တိုက်ပွဲများဖြစ်ပွားခဲ့တာရှိပါတယ်။ သိန္နီအခြေအနေကတော့ သိန္နီမြို့မှာရှိနေတဲ့ဌာနချုပ်အနေနဲ့ သိန္နီမြို့ထဲမှာ ပြန်လည်လုံခြုံမှု ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လွိုင်ကော်မှာတော့ ဒီမနက် ၈နာရီလောက်က KNPP နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး လက်နက်ငယ်တွေနဲ့ လာရောက်ပစ်ခတ်တာရှိတယ်။ ပြီးရင် အထဲမှာရှိနေတဲ့ ပညာရေးဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ဖို့ လုပ်ခဲ့တာရှိတယ်။ ဒါတွေကိုတော့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တွေက တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ ထိခိုက်မှု မရှိစေရေး ဘေးကင်းရာနေရာသို့ ပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိတယ်။ ဆောင်ရွက်လျက်ရှိတဲ့အခါမှာတော့ အပြန်အလှန်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့တယ်။ သောင်းကျန်းသူတွေဆီကနေ အလောင်း၊ လက်နက်တွေ တော်တော်များများရလိုက်တယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေကိုတော့ ကယ်ထုတ်နိုင်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီး ကျန်ရှိနေတဲ့လူတွေကိုလည်း ကယ်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိတယ်။ စစ်ရေးနဲ့မသက်ဆိုင်တဲ့ ကျောင်းကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာတာ KNPP နဲ့အဲဒီမှာရှိတဲ့ PDF တွေရဲ့ ယုတ်မာရိုင်းစိုင်းမှု ဖြစ်တယ်လို့ပဲ ကျွန်တော်ပြောချင်တယ်။ ရခိုင်ဘက်မှာတော့ နယ်ခြားစောင့် ရဲကင်းစခန်းငယ်တစ်ခုဖြစ်တဲ့ ဒုံးပိုက်ရဲကင်းစခန်းကို မနက် ၅ နာရီလောက်က AA အနေနဲ့ ဝင်ရောက်စီးနင်းတိုက်ခိုက်တာမျိုး ဆောင်ရွက်ခဲ့တာရှိတယ်။ ကျွန်တော်တို့အနေနဲ့ ကြည်း၊ ရေ ပူးပေါင်းစစ်ဆင်ပြီး ချေမှုန်းလျက်ရှိတယ်။ စစ်ကိုင်းဘက်မှာတော့ ထီးချိုင့် မနေ့က ကျွန်တော်ပြောခဲ့တဲ့ အခြေအနေက ထီးချိုင့်မြို့ကို ပြန်လည်ထိန်းသိမ်းနိုင်တဲ့ အခြေအနေရှိတယ်။ ထီးချိုင့်အနီးတစ်ဝိုက်မှာတော့ ဆုတ်ခွာသွားတဲ့ KIA နဲ့ PDF ပူးပေါင်းအဖွဲ့တွေရှိနေနိုင်တယ်။ ဒါတွေကိုတော့ လိုက်လံချေမှုန်းလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ သောင်းကျန်းသူများအနေနဲ့ ဖျက်လိုဖျက်ဆီး လုပ်ရပ်တွေကို သူတို့ နာမည်ခံနေတဲ့ ဒီမိုကရေစီအရေးဆိုတဲ့ဟာထက် ပြည်သူပိုင်ပစ္စည်း၊ နိုင်ငံပိုင်ပစ္စည်း၊ ပညာရေး၊ ကျန်းမာရေး ဒါတွေကိုပဲ ဖျက်လိုဖျက်ဆီးလုပ်နေတာဖြစ်တယ်။



ဒီလိုနေရာတွေမှာ ဝင်ရောက်နေရာယူပြီး စစ်ရေးအဆောက်အအုံအဖြစ် အသုံးချနေတာမျိုးတွေရှိတယ်။ စစ်ကိုင်းတိုင်းဘက်မှာလည်း အဲဒီလိုပါပဲ။ ပညာရေးအဆောက်အအုံတွေ၊ ကျန်းမာရေးအဆောက်အအုံကို သိမ်းပိုက်ပြီး ကတုတ်ကျင်းတွေတူးတယ်။ ဘန်ကာတွေဆောက်တယ်။ ဒီအထဲမှာ ဝင်ရောက်ခိုအောင်း နေထိုင်တာမျိုး ဖြစ်တယ်။ တပ်မတော်အနေနဲ့ ဒါတွေကို တိုက်ခိုက်တဲ့နေရာမှာ ဆေးခန်းတွေ၊ စာသင်ကျောင်းတွေ တိုက်ခိုက်တယ်ဆိုတဲ့ စွပ်စွဲချက်တွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက သိရှိထားဖို့ လိုအပ်ပါတယ်။ လွိုင်ကော်မှာ ဖြစ်တဲ့ တက္ကသိုလ်ကို တိုက်ခိုက်မှုဆိုရင်ဘာမှ စစ်ရေးပစ်မှတ် မသက်ဆိုင်တဲ့နေရာကို တိုက်ခိုက်တာမျိုးပဲ ဖြစ်တယ်။ ဒီလို ယုတ်မာရိုင်းစိုင်းတဲ့ အကြံအစည်မျိုးရှိတဲ့ သောင်းကျန်းသူတွေကို ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းဆန့်ကျင်ပြီး အမြစ်ပြတ် ချေမှုန်းသွားရမှာဖြစ်တယ်လို့ပဲ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



## ပြင်ဦးလွင်မြို့၌ ခရိုင်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၃**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက် ၈ နာရီကစတင်ပြီး ပြင်ဦးလွင်ခရိုင်/မြို့နယ်အားကစားကွင်းများတွင် ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ အားကစားတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲတွင် ပြင်ဦးလွင်၊ စဉ့်ကူး၊ သပိတ်ကျင်းနှင့် မိုးကုတ်မြို့နယ်တို့မှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် ဘတ်စကက်ဘော စသည့်ပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**အားကစားပြိုင်ပွဲများ ကျင်းပပေး**

အဆိုပါ ခရိုင်အဆင့်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ နေ့စဉ်သတ်မှတ်နေရာများတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုရရှိသော အသင်းများကို ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အနာဂတ်၏ အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံကို အကျိုးပြုနိုင်မည့် အားကစားမောင်မယ်များ ပေါ်ထွက်လာနိုင်ရေးအတွက် ရည်ရွယ်ပြီး ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့ အ.ထ.က(၁)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၁၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနက စီစဉ်ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းထွန်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲနိုင်ဝင်းက စာပေနှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကို ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းထွန်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်ပြဘုတ်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**



**မျိုးသီဟ(ပြန်/ဆက်)**

## ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန် ပန်းဘဲတန်းမြို့နယ် အ.ထ.က(၂) သို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကျောင်းသား ကျောင်းသူများ စာပေအသိပညာ ဗဟုသုတတိုးပွားစေပြီး စာဖတ်ရှိန်မြင့်မားစေရေးအတွက် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်အနေဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အ.ထ.က(၂)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား



သုတ/ရသစာအုပ်များ ငှားရမ်းပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများအား စာအုပ်စာပေကို လေ့လာဖတ်ရှုမှု ပိုမိုတိုးပွားလာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်ဖြင့် လှည့်လည်ငှားရမ်းပေးခြင်းဖြစ်ပြီး အဆိုပါ နယ်လှည့်စာကြည့်တိုက်တွင် သုတစာအုပ်၊ ရုပ်ပြစာအုပ်နှင့် ဂျာနယ်များ ပါရှိကြောင်း သိရသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသောလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်ကို ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။(ဝဲပုံ)

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများသို့ နယ်လှည့်စာကြည့်တိုက်စာငှားလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ရက်သတ္တပတ် တစ်ပတ်လျှင် တစ်ကြိမ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# မီဒီယာသတ်ကွင်းထဲက ယနေ့အစ္စရေးနှင့် ပါလက်စတိုင်း

မြင့်မြတ်

ယနေ့ခေတ်သစ်စစ်ပွဲများဟာ စစ်သည်၊ လက်နက် ကျည်ဆန်ချင်း တိုက်ကြခိုက်ကြသည်သာ မဟုတ်တော့ဘဲ စပ်စစ်ပွဲ (Hybridwarfare)၊ အလုံးစုံ- ပေါင်းစပ်စစ်ပွဲ (Total Hybridwarfare) တွေဆိုပြီး သတိထားစရာတွေ၊ သင်ခန်းစာယူစရာတွေ ရှိလာပြီ ဖြစ်ပါတယ်။

မဟာဗျူဟာမြောက် စစ်ပွဲသဏ္ဌာန်တွေဟာ ရောနှောရှုပ်ထွေးမှုတွေ ရှိလာကြပါပြီ။ သမားရိုးကျပုံသဏ္ဌာန်တွေကနေ ဖောက်ထွက်ပြီး ပုံမှန်မဟုတ်တဲ့ စစ်ပွဲသဏ္ဌာန်တွေဟာ ဒီဘက်ခေတ်မှာ ပိုပြီးထင်ရှားလာပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လာကြတယ်။ သတင်းတု၊ သတင်းမှားလွှင့်ပြီး ပုံမှားရိုက် မီဒီယာထိုးနှက်ချက်ကို အများဆုံး တွေ့လာနေရတယ်။ နိုင်ငံရေးအရ စွက်ဖက်မှုတွေ၊ သံခင်းတမန်ခင်းစီးချင်းထိုးမှုတွေ၊ နိုင်ငံခြား တိုင်းပြည်တွေရဲ့ ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ပြီး ကိုယ်လိုချင်တဲ့ပါတီ အနိုင်ရအောင်နဲ့ ကြိုးကိုင်အစိုးရဖန်တီးမှုတွေ၊ ဆန့်ကျင်ဘက်ကို ဥပဒေအရ တရားမဝင်အောင်၊ ဥပဒေယိုယွင်းပျက်ပြားအောင် လုပ်တာကအစ နည်းမျိုးစုံနဲ့ ဝင်ရောက်စွက်ဖက်တာတွေဟာ အလုံးစုံ- ပေါင်းစပ်စစ်ပွဲပုံသဏ္ဌာန်တွေပါပဲ။

**မယုံသင့်သည့်အမှားတွေကြောင့်**
**လူ့အဖွဲ့အစည်းအထိ သက်ရောက်မှုရှိနိုင်**

အလုံးစုံ- ပေါင်းစပ်စစ်ပွဲဟူသည် ပြီးဆုံးဖို့ ကာလအားဖြင့် ခန့်မှန်းရခက်လောက်အောင် ကြာရှည်တတ်ပါတယ်။ အထူးသဖြင့် မီဒီယာအားကို အသုံးချကြတာ များပါတယ်။ တစ်နည်းအားဖြင့် သတင်းအချက်အလက် စစ်ဆင်ရေးအသွင်ကို တလွဲအသုံးချခြင်းပါပဲ။ သတင်းတွေရဲ့ အတိမ်အနက်အရ မှန်ချင်မှန် မှားချင်မှားမယ်၊ ဒါပေမယ့် အစွဲကိုယ်စီနဲ့ ဆိုတော့ မှားဖို့က များပါတယ်။ အမှားကများ အမှန်ကနည်းပြီး နောက်ပိုင်းမှာ အမှားနဲ့ အမှန် ရောထွေးပြီး ဝါဒဖြန့်ထုတ်လွှင့်လာကြတယ်။

**ကောလာဟလဖြန့်ချိတာမျိုး အမြောက်အမြား ကြုံဖူးကြမှာပါ။ သတင်းတု၊ သတင်းမှားတွေနဲ့ သတင်းဖောင်းပွမှုတွေများလွန်းပြီး အချက်အလက် တင်ပြဖို့ထက် ဝါဒဖြန့် သက်သက်ချည်းသာ တွေ့လာရတယ်။ သတင်းလှိုင်းတွေကြားမှာ နှစ်ဖက်ပြိုင်ဆိုင်မှုက ပိုပြီးပြင်းထန်သွားတဲ့အခါ မလိုလားအပ်တဲ့သက်ရောက်မှုကို ကြားကပြည်သူတွေ ကြီးကြီးမားမားခံစားကြရပါတယ်။**

ယနေ့အစ္စရေး- ဟားမားစ်စစ်မှာလည်း ထိုနည်းအတိုင်းပါပဲ။ မီဒီယာချင်း အသည်းအသန် စစ်ခင်းနေကြတာ တွေ့ရပါတယ်။ လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်းက စစ်တပ်တစ်ခု၊ ဒေသတစ်ခုကိုသာ အနိုင်ရနိုင်ပေမယ့် မီဒီယာနဲ့ ဝါဒဖြန့် အားသာချက်က လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးအပေါ် ဂယက်ရိုက်သွားနိုင်ပါတယ်။ ဥပမာ- တိုက်ပွဲမဖြစ်တဲ့နေရာမှာ တိုက်ပွဲတွေနဲ့ မငြိမ်းချမ်းသယောင်၊ ပြည်သူလူထုကြားစိမ့်ဝင်မြှုပ်နှံပြီး လူတွေကြားထဲ တိုက်ကွက်ဖော်၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ပြီး ပြန်လည်အတိုက်ခံရတဲ့အခါ ကျဆုံးဒဏ်ရာရခါမှ ပြည်သူတွေကိုပဲ ပစ်သတ်နေသယောင်၊ တစ်ဖက်က အကျအဆုံးများနေပြီ၊ အင်အားမရှိတော့ဘူးဆိုပြီး ကိုယ့်အပေါ် ထောက်ခံနေသူတွေ အားမလျော့သွားအောင် လုပ်ကြံဝါဒဖြန့်ခြင်းမျိုးတွေကို... breaking news နဲ့ထပ်တလဲလဲ ပြသခြင်းဟာ လူတွေမှာ စိတ်လှုပ်ရှားမှုများစွာ ဖြစ်သွားစေပါတယ်။ နှစ်ဖက်လေလုံးထွားမှုတွေဟာ သဘောထားကွဲလွဲမှုတွေကို ပိုပြီးနက်ရှိုင်းသွားစေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဖြစ်တတ်တဲ့ စိုးရိမ်ပူပန်မှုသောကကို အခွင့်ယူပြီး ဖြစ်ပေါ်လာတဲ့ မဟုတ်မမှန် ဝါဒဖြန့်ချက်တွေကို အလွန်အမင်း မယုံကြည်ဘဲ သေချာဆန်းစစ်ဖို့သာ လိုအပ်ကြောင်း တွေ့ရပါတယ်။



အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောအဆောက်အအုံများကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

**“ကောလာဟလဖြန့်ချိတာမျိုး အမြောက်အမြား ကြုံဖူးကြမှာပါ။ သတင်းတု၊ သတင်းမှားတွေနဲ့ သတင်းဖောင်းပွမှုတွေ များလွန်းပြီး အချက်အလက်တင်ပြဖို့ထက် ဝါဒဖြန့် သက်သက်ချည်းသာ တွေ့လာရတယ်။ သတင်းလှိုင်းတွေ ကြားမှာ နှစ်ဖက်ပြိုင်ဆိုင်မှုက ပိုပြီးပြင်းထန်သွားတဲ့အခါ မလိုလားအပ်တဲ့သက်ရောက်မှုကို ကြားကပြည်သူတွေ ကြီးကြီးမားမား ခံစားကြရပါတယ်”**

**မီဒီယာထောင်ချောက်ထဲရောက်သွားရတဲ့ အစ္စရေး**

ဒီလိုစပ်စစ်ပွဲပုံစံမျိုးစုံနဲ့ ယနေ့ခေတ်စစ်ပွဲတွေမှာ အသုံးပြုလာကြတဲ့နေရာမှာ မီဒီယာစစ်ပွဲ အသွင်သဏ္ဌာန်ကို ဟားမားစ်နဲ့ ပါလက်စတိုင်းတို့ ဘယ်လိုအသုံးပြုနေသလဲ လေ့လာစေချင်၊ သင်ခန်းစာယူစေချင်ပါတယ်။ ယနေ့ အစ္စရေး- ဟားမားစ်စစ်ဟာ အောက်တိုဘာ ၇ ရက်က ဟားမားစ်တို့က အစ္စရေးနယ်ထဲ လျှပ်တစ်ပြက် ဝင်တိုက်ခိုက်လို့ စတင်ဖြစ်ခဲ့တယ်။ အစ္စရေး စစ်သည်အရပ်သား ၁၄၀၀ ကျော်လောက် ကျဆုံးသေဆုံးပြီး ၂၃၀ ခန့် ပြန်ပေးဆွဲခံရတယ်... အားလုံးသိပြီးသား၊ ဒီအပေါ်မှာ အစ္စရေးဘက်က တုံ့ပြန်ပုံက အဆမတန် ပြင်းထန်ခဲ့ပါတယ်။ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကိုကျော်ပြီး ဂါဇာဒေသက အရပ်သား ကလေးဒုက္ခသည်မချန်၊ အရပ်သား၊ အကြမ်းဖက်မရွေး ဗုံးကြဲတိုက်ခိုက်တယ်၊ ဆေးရုံ၊ ဒုက္ခသည်စခန်း၊ မြို့ရွာ၊ လူနေအိမ်ခြေနေရာမရွေး၊ အစာရေစာ၊ ရိက္ခာ၊ ဆက်သွယ်ရေး အကုန်ဖြတ်တောက်လိုက်တဲ့အခါ ဂါဇာလူ့အဖွဲ့အစည်းကြီးဟာ ပြိုကွဲပျက်စီးသွားရပါတော့တယ်။

အစ္စရေးဟာ ကမ္ဘာပေါ်မှာ အင်မတန်မှ အညှာအတာကင်းပြီး၊ စစ်လိုလားပြီး စစ်ရာဇဝတ်ကျူးလွန်သော၊ လူ့အခွင့်အရေးကို လုံးဝမကြည့်သော၊ လူသားချင်း စာနာထောက်ထားစိတ်မရှိသော နိုင်ငံတစ်နိုင်ငံအဖြစ်ကို နေ့ချင်းညချင်း ရောက်သွားရပါတော့တယ်။

၈-၁၁-၂၃ ရက်က ဂါဇာမြို့လယ်ကောင်အထိ ထိုးဖောက်ဝင်ရောက်ပြီး ဂါဇာကို ဝိုင်းထားနိုင်ပြီဖြစ်တဲ့ အစ္စရေးဟာ နိုင်ငံတကာနဲ့ဆက်ဆံရေးမှာတော့ အနုတ်သဘောဆောင်လာနေပြီး နိုင်ငံတကာရဲ့ဖိအားပေးခြင်းတွေကို အလူးအလဲ ခံနေရပါတော့တယ်။ ကုလသမဂ္ဂနဲ့ အဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုတွေအောက်က ဖိအားတွေနဲ့အတူ နောက်ဆုံးခေါင်းကိုင်ဆရာ အမေရိကန်ကြီးတောင် မနေသာတော့ဘဲ လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုပြီး ခေတ္တအပစ်ရပ်ဖို့ ဆော်ဩရတဲ့အထိ ဖြစ်သွားရတယ်။

ဒါပေမယ့် အစ္စရေးက ဂရုမစိုက်တဲ့အတွက် မကြာခင် ကမ္ဘာမှာ ဂျူးဆန့်ကျင်ရေးတွေ အားကောင်းလာနိုင်တဲ့ အလားအလာတွေ တွေ့နေရပါတယ်။ မီဒီယာအားက ဘယ်လောက်ကောင်းသလဲဆိုရင် အနောက်နိုင်ငံက မြို့ကြီးတွေမှာ ပါလက်စတိုင်းထောက်ခံတဲ့လူတွေ သိန်းနဲ့ချီ လမ်းပေါ်ထွက်လာတဲ့အထိ ဖြစ်လာပြီး သမ္မတဘိုင်ဒင်ရဲ့ ဒီမိုကရက်ပါတီအတွင်းမှာတောင် ပါလက်စတိုင်းထောက်ခံသူနဲ့ ဆန့်ကျင်သူ နှစ်ပိုင်းကွဲသည်အထိ ဖြစ်သွားရပါတယ်။

ကာတာနိုင်ငံအခြေစိုက် အရှေ့အလယ်ပိုင်း အယ်လ်ဂျာဇီးယားသတင်းဌာနဟာ ယနေ့ ဂါဇာအခြေအနေကိုဖော်ပြရာမှာ အပီပြင်ဆုံးပါပဲ။ နေ့စဉ်အချိန်ပြည့် ဂါဇာအရေးချည်း တင်ဆက်နေရာမှာ အစ္စရေးကြောင့် ပါလက်စတိုင်းတွေ သေကျေထိခိုက်နေရပုံတွေကို ဇာတ်နာအောင်ရိုက်ပြထားပါတယ်။ ကြမ်းတမ်းစက်ဆုပ်ဖွယ် တိုက်ပွဲမြင်ကွင်းတွေ၊ လေကြောင်းက ဗုံးကြဲလို့ အဆောက်အအုံတွေ၊ ဆေးရုံတွေ၊ ဒုက္ခသည်စခန်းတွေ တစ်စစီ အုတ်ခဲအုတ်ပုံတွေအဖြစ် စိစိညက်ညက်ကြေ ပြိုကျပျက်စီးပုံတွေ၊ သွေးသံတရဲရဲနဲ့ အော်ဟစ်ညည်းတွားနေကြတဲ့ ဒုက္ခိတပုံတွေ၊ သေဆုံးသွားတဲ့ မိခင်ဖခင်တွေ မရှိတော့လို့ မိဘမဲ့ ကလေးငယ်တွေရဲ့အဖြစ်၊ ပြိုကွဲကြေမွသွားတဲ့ မိသားစုအသိုက်အမြုံလက္ခဏာတွေ၊ မသေမရှင် ကလေးတွေကို ပြိုကျနေတဲ့ အုတ်ပုံတွေကနေဆွဲထုတ်နေပုံ အနိဋ္ဌာရုံတွေနဲ့အတူ ကမ္ဘာတစ်ဝန်းမှာ ပါလက်စတိုင်းထောက်ခံတဲ့ ဆန္ဒပြပွဲသတင်းတွေဟာလည်း နေ့စဉ်ရက်ဆက်ပါပဲ။

ဒီမြင်ကွင်းတွေကို အချိန်တိုင်း၊ နာရီတိုင်း နေ့စဉ်မပြတ် ထပ်တလဲလဲ ထုတ်လွှင့်ခြင်းဖြင့် စိတ်ထိခိုက်ကြေကွဲရတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ စာနာသနားမှုကို ရယူသွားပုံကို သတိထားလိုက်မိပါတယ်။ ကမ္ဘာကြီးရဲ့ညှာတာထောက်ထားမှုကို ပါလက်စတိုင်းတွေ ရလိုက်ပါပြီ။ တစ်ဆက်တည်း အစ္စရေးအပေါ် နိုင်ငံတကာရဲ့ သက်ရောက်မှုက တစ်ရက်ပြီး တစ်ရက် ပိုမိုပြင်းထန်လာတာကို တွေ့ရပါတယ်။ ပါလက်စတိုင်းတွေဟာ နိုင်ငံတကာရဲ့ စာနာမှုကို ရယူရာမှာ ဒီလိုမြင်ကွင်းတွေက အလွန်ကိုထိရောက်လှပါတယ်။

**အစ္စရေးအားပေးမီဒီယာဘက်ကကြည့်ရင်**

မီဒီယာတိုက်ပွဲတွေဟာ တစ်ဖက်တည်းကချည်း မဟုတ်ပါဘူး။ နှစ်ဖက်မီဒီယာတွေဟာ ပဋိပက္ခကို အကြောင်းပြု၊ အားနည်းချက်ကို အခွင့်ကောင်းယူ အသုံးချပြီး ကိုယ်လိုရာဆွဲ ပုံဖော်တင်ပြကြတာဟာ ယနေ့ခေတ်မှာ

*စာမျက်နှာ ၇ သို့*

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စားသုံးဆီနှင့် စက်သုံးဆီဖြန့်ဖြူးရောင်းချရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

**မုံရွာ နိုဝင်ဘာ ၁၃** စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စားသုံးဆီနှင့် စက်သုံးဆီ ဖြန့်ဖြူး ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စားသုံးဆီ/စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း စားသုံးဆီနှင့် စက်သုံးဆီ ဈေးနှုန်းများ မှန်ကန်တည်ငြိမ်စေရေး၊ ဖြန့်ဖြူးရောင်းချမှု စနစ်တကျရှိစေရေးအတွက် ယခုလို ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း လက်ရှိရောင်းဝယ် ဖြန့်ဖြူးရေးအပိုင်းတွင် အခက်အခဲရှိသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၌ ဆန်၊ ဆီ၊ ပဲမျိုးစုံ၊ ကြက်သွန်နီ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်များ ဖူလုံပိုလျှံနေပြီး အခြေခံ စားသောက်ကုန်များ ဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီများသည် အရေးကြီးကုန်စည်များ ဖြစ်၍ စားသုံးဆီ၊ စက်သုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ကော်မတီအား တာဝန်ရှိသူများနှင့် ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

သတ်မှတ် အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ တင်သွင်းစေခြင်း၊ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်း ဖြစ်စေရေး၊ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်



များ၊ အခွန်အခများ၊ ငွေလဲနှုန်းများပါမကျန် စနစ်တကျ ထည့်သွင်းတွက်ချက်ပြီး အခြေခံရည်ညွှန်းဈေးများ ထုတ်ပြန်ကာ တိုင်းဒေသကြီး/ပြည်နယ် မြို့များအလိုက် ဒေသအရောက် အရင်းဈေးနှုန်းများ ထုတ်ပြန်ပေးပြီး သင့်တင့်သည့် အမြတ်ရာခိုင်နှုန်း သတ်မှတ်ပေးထားပြီး ဖြစ်သည့်အတွက် စားသုံးသူများအား အရေအတွက်၊ အရည်အသွေး၊ ဈေးနှုန်း မှန်မှန်ကန်ကန် ရောင်းချပေးသွားကြရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်သည့် ဌာနများကလည်း အမြဲမပြတ် ကြီးကြပ်ကွပ်ကဲပေးရန်နှင့် လိုအပ်ချက်များအား ကူညီပေါင်းစပ်ပေးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွဋ်က စားသုံးဆီဖြန့်ဖြူးရောင်းချမှု အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စက်သုံးဆီရောင်းချမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး စားသုံးဆီ/စက်သုံးဆီ ရောင်းချနေသည့် လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် စားသုံးဆီ/စက်သုံးဆီများ သယ်ယူမှု၊ ထုတ်လုပ်မှု၊ ရောင်းချနေမှုများနှင့် ခွဲဝေရရှိမှု အခြေအနေများကို ရှင်းလင်း ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စားသုံးဆီ/စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုများနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကဝမြို့နယ်၌ ဂရန်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရန် အင်းသားကြီးများသို့ ငါးမျိုးများပေးအပ်

**ကဝ နိုဝင်ဘာ ၁၃** ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ဂရန်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရန်အတွက် ငါးသားပေါက်များပေးအပ်ခြင်းကို ယနေ့နံနက်၁၀ နာရီက မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်က ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဂရန်အင်း ကိုးအင်းအတွက် ငါးမြစ်ချင်း နှစ်လက်မအရွယ် ငါးသားပေါက် ကောင်ရေ ၁၂၄၀၄ ကောင်ကို အင်းလုပ်ကိုင်သူများ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

အဆန်းမဟုတ်တော့ပါဘူး။ အစ္စရေးဘက်ကနေ အနောက်တိုင်းမီဒီယာတွေက ဖော်ပြပေးရာမှာ ဟားမားစ်တွေက အစ္စရေးကို ဝင်တိုက်လို့ လူပေါင်း ၁၄၀၀ ကျော်သေဆုံးတဲ့သတင်းနဲ့ ဓားစာခံအဖမ်းခံရတဲ့ သတင်းတွေ၊ အစ္စရေးဝန်ကြီးချုပ်ရဲ့ ရှေ့တန်းစစ်မြေပြင်အရောက် သွားရောက်အားပေးညွှန်ကြားနေပုံတွေ၊ ဂါဇာနယ်မြေထဲအထိ အစ္စရေးတပ်တွေ ထိုးဖောက်တိုက်ခိုက်တဲ့အခါ မြေအောက်လိုဏ်ခေါင်းတွေမှာ စီးနင်းတိုက်ခိုက်ကြပုံ၊ အထူးသဖြင့် စာသင်ကျောင်းတွေ၊ ဗလီတွေနဲ့ ဆေးရုံတွေအောက်မှာ မြေအောက်စစ်ဆင်ရေး လိုဏ်ခေါင်းတွေကို ဖော်ထုတ်နိုင်ပုံ၊ အစ္စရေးတွေ စိတ်ဓာတ်တက်ကြွစေမယ့် အစ္စရေးနိုင်ငံပေါ်ပေါက်လာပုံ သမိုင်းမြင်ကွင်းတွေနဲ့ အစ္စရေး - အာရပ်စစ်ပွဲသတင်းတွေကို အသားပေးဖော်ပြတာကို တွေ့ရတာဟာ တစ်ဖက်သတ် ဆန်လွန်းနေသလိုပါပဲ။ ဒါပေမယ့် မီဒီယာအားမှာတော့ အစ္စရေးထက် ပါလက်စတိုင်းတွေဘက်က အနည်းငယ်သာနေသယောင် တွေ့ရပါတယ်။

**သင်ခန်းစာယူသင့်တာယူရမည့်အချက်များ**

သင်ခန်းစာက ဘာရလိုက်သလဲဆိုတော့ တစ်ခါတလေ တိုက်စွမ်းရည်နဲ့ သေနတ်ကျည်ဆန်ထက် မီဒီယာကျည်ဆန်က ပိုပြီးအစွမ်းထက်တာတွေ့ရသလိုပါပဲ။ စစ်ရေးအရ အောင်ပွဲတွေရနေပေမယ့် နိုင်ငံရေးအရ ရှုံးနိမ့်သွားနိုင်တဲ့ သဘောလည်း ရှိချင် ရှိနိုင်တယ်။ မီဒီယာဖိအားက နိုင်ငံတကာဖိအားနဲ့ နိုင်ငံတကာ ဆက်ဆံရေးအပေါ်မှာ သက်ရောက်တယ်ဆိုပေမယ့် နိုင်ငံတကာဖိအားကို လုံးဝဂရုမစိုက်ဘဲ စစ်တိုက်ရမယ့်အချိန်မှာ ညှိနှိုင်းမှုမလုပ်၊ နိုင်ငံတကာဥပဒေမှန်သမျှ ဘေးချိတ်၊

> ◆ **အဓိကက ပညာတတ်ပြီး စဉ်းစားဉာဏ်ရှိဖို့ပါ။ ကမူးရှူးထိုးထမလုပ်ဘဲ အန္တရာယ်အနည်းအများနဲ့ စွန့်စားရမှုအနည်းအများကို တွက်ချက်နိုင်စွမ်း Calculated risk ရှိရပါမယ်။ အကျိုးစီးပွားတွက်ချက်ရမှုလည်း ရှိနိုင်ပါတယ်။ တစ်ကိုယ်ရေစိတ်ခံစားမှုထက် တစ်နိုင်ငံလုံး အကျိုးစီးပွားကို အဓိကထား တွက်ချက်ပြီး စဉ်းစားကောင်း စဉ်းစားရနိုင်ပါတယ်။ တရားသဘောအရတော့ သဒ္ဓါနဲ့ပညာမျှဖို့ပေါ့။ ပြည်သူတွေအသိမဲ့ရင် နောက်ကွယ်က ကြိုးကိုင်နေတဲ့ မီဒီယာတွေရဲ့ လွှမ်းမိုးအနိုင်ယူခြင်း ခံရနိုင်သလို သဒ္ဓါနည်းပြီး ပညာသိပ်တတ်သွားရင်လည်း ဆိုးရွားတဲ့ အပြုအမူနဲ့ မကောင်းတဲ့ရလဒ်တွေ ဖြစ်လာနိုင်တဲ့သင်ခန်းစာတွေ ရှေ့မှာအများကြီးပါ**

နေတန်ယာဟုလို ပြတ်သားပြတတ်တဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အနာဂတ်မှာ နိုင်ငံတကာဆက်ဆံရေးကို ဘယ်လိုပုံစံနဲ့ သွားမလဲ၊ သူဘာတွေကြိုတင်မျှော်တွေးထားမလဲ ဆိုတာကလည်း စိတ်ဝင်စားစရာပါ။

စစ်ရေးအရ အောင်မြင်မှု တသီကြီးရနိုင်ပေမယ့် နိုင်ငံတကာအလယ်မှာ ဖြေရှင်းရမယ့် ကိစ္စတွေ အများကြီးရှိလာမှာ သေချာပါတယ်။ လောလောဆယ်ကို အစ္စရေးရဲ့ စီးပွားရေးတိုးတက်နှုန်းက ကျဆင်းသွားပြီး သူ့ပြည်သူတွေက ဆန္ဒပြနေကြပါပြီ။ ဒါကြောင့်လည်း ပဋိပက္ခတိုင်းမှာ ချင့်ချိန်လုပ်ရတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဘာပဲလုပ်လုပ်သက်ရောက်မှုတိုင်းမှာ အဆိုးအကောင်းက ဒွန်တွဲစမြဲဖြစ်တဲ့အတွက် အများကြီး ဆင်ခြင်ရပါတယ်။

အထူးသဖြင့် အရပ်သားပြည်သူတွေနဲ့ ရောနှောတိုက်ခိုက်နေရတဲ့ အခြေအနေမျိုးတွေမှာ အရပ်သားကို လူတံတိုင်းကာပြီး တိုက်ခိုက်တတ်တဲ့ အကြမ်းဖက်တွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ကြားညှပ်ပြီး မီဒီယာထောင်ချောက်မှာ ပိတ်မိမခံရဖို့က အရေးကြီးပါတယ်။ လူကောင်းကို လူဆိုး၊ လူဆိုးကို လူကောင်းဖြစ်အောင် မမျှမတ စွပ်စွဲချက်တွေနဲ့ တရားခံ ဖြစ်အောင်ဖန်တီး၊ အချို့ပြဿနာတွေမှာ တရားသောစစ်ကိုဆင်နွှဲသူကိုပင် အကြမ်းဖက်သမားဖြစ်အောင် ပုံဖော်လေ့ရှိကြတာကို သတိပြုဖို့လိုပါတယ်။

**အဓိကက ပညာတတ်ပြီး စဉ်းစားဉာဏ်ရှိဖို့ပါ။ ကမူးရှူးထိုးထမလုပ်ဘဲ အန္တရာယ် အနည်းအများနဲ့ စွန့်စားရမှု အနည်းအများကို တွက်ချက်နိုင်စွမ်း Calculated risk ရှိရပါမယ်။ အကျိုးစီးပွားတွက်ချက်ရမှုလည်း ရှိနိုင်ပါတယ်။ တစ်ကိုယ်ရေစိတ်ခံစားမှုထက် တစ်နိုင်ငံလုံး အကျိုးစီးပွားကို အဓိကထား တွက်ချက်ပြီး စဉ်းစားကောင်း စဉ်းစားရနိုင်ပါတယ်။ တရားသဘောအရတော့ သဒ္ဓါနဲ့ပညာ မျှဖို့ပေါ့။ ပြည်သူတွေအသိမဲ့ရင် နောက်ကွယ်က ကြိုးကိုင်နေတဲ့ မီဒီယာတွေရဲ့ လွှမ်းမိုးအနိုင်ယူခြင်းခံရနိုင်သလို သဒ္ဓါနည်းပြီး ပညာသိပ်တတ်သွားရင်လည်း ဆိုးရွားတဲ့အပြုအမူနဲ့ မကောင်းတဲ့ရလဒ်တွေ ဖြစ်လာနိုင်တဲ့ သင်ခန်းစာတွေ ရှေ့မှာအများကြီးပါ။**

နိုင်ငံတကာမှာလည်း ထိုနည်းတူပါပဲ...။ အမျိုးသားရေးနဲ့မျိုးချစ်စိတ်ကို အခွင့်ကောင်းယူပြီး ကိုယ့်အကျိုးစီးပွားအတွက် ဝါဒဖြန့်သက်သက် အလွဲသုံးစားအသုံးချနေပုံတွေကို သေချာကြည့်နိုင်မြင်နိုင်ရပါမယ်။ နား၊ မျက်စိနဲ့ အာရုံတွေအပေါ် လိုက်ပြီး စိတ်ကူးယဉ်ခံစားမှုထက် ဦးနှောက်သုံးပြီး လက်တွေ့ကျတဲ့ လက်တွေ့သမားတွေသာ ဖြစ်စေလိုပါတယ်။

အဓိကအချက်ကတော့ အမှားများတော့ အမှန်ထင်ဆိုသလို အစွန်းတစ်ဖက်ဆီ သိသိသာသာကြီး ရောက်မသွားအောင် အထိန်းအကွပ် အများကြီး လိုတယ်ဆိုတာပါပဲ။ လိုရာဆွဲ ပုံကြီးချဲ့ပုံဖျက်သတင်းများနဲ့ ဖြတ်ညှပ်ကပ် လုပ်ကြံသတင်းတုတွေကြားမှာ စဉ်းစားဉာဏ်နဲ့ ပိုင်းခြားစိစစ်နိုင်ဖို့ လိုအပ်ပါတယ်။ သို့မှသာ မဟုတ်တာ မမှန်တာတွေအပေါ် ပညာဉာဏ်နဲ့ အန်တုရင်ဆိုင်နိုင်မှာဖြစ်ပြီး အမှားနည်း၍ အမှန်များလာမှာဖြစ်ကာ အားလုံးအတွက် ထာဝရငြိမ်းချမ်းရေးဆိုတာလည်း ပိုမိုသေချာလာမှာဖြစ်ပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်  နိုဝင်ဘာ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အား နိုဝင်ဘာ ၉ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းစသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်။**

### ထီးချိုင့်မြို့အား ပြန်လည်ထိန်းချုပ်ထား

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက် သမားများအား တပ်မတော် စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ထီးချိုင့်မြို့အား နိုဝင်ဘာ ၁၂ ရက်တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့သည်။

### ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်

အကြမ်းဖက်သမားများ အနေဖြင့် ထီးချိုင့်မြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များတွင် သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အဦများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

### လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် အကြမ်းဖက်သမားများသည် ထီးချိုင့်မြို့အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

*စာမျက်နှာ ၉ သို့*




ထီးချိုင့်မြို့အတွင်းရှိ စာသင်ကျောင်းများ၊ လူနေအိမ်များအကြား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများအား အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




ထီးချိုင့် မြို့လယ်ကျောင်းတိုက်အနီးနှင့် လူနေအိမ်များအကြား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများအား အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအဆောက်အဦများ၊ ဌာနဆိုင်ရာ အဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများတွင် ဘန်ကာများ ဆောက်လုပ်ထားရှိမှုများကို တွေ့ရစဉ်။




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထီးချိုင့်မြို့ရှိ လူနေအဆောက်အဦများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။




*❖ ကျောဖုံးမှ*

နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက သတင်းရလျှင်ရချင်း တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး၊ ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဘေးကင်းရာနေရာများသို့ ပို့ဆောင်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်အဖွဲ့များနှင့် အပြန်အလှန် ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည်။

**အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရ ရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ လူနေအဆောက်အဦများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ်အတွင်း၌လည်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရရှိစေလိုသော ယုတ်မာရက်စက်သည့် ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရသည်။


KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်သည့် ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းခဲ့မှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်ဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် တက္ကသိုလ်အတွင်းရှိ ပညာရေးဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ရကာ အကြမ်းဖက်အဖွဲ့များ၏ အလောင်း၊ လက်နက်အချို့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် တက္ကသိုလ်အနီးတစ်ဝိုက်တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထို့ပြင် ယနေ့တွင် စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ်တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရသဖြင့် ကျောင်းသား ကျောင်းသူများအတွက် များစွာထိခိုက်နစ်နာခဲ့ရသည်။

**နယ်မြေအေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်**

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်မှုများအပေါ် အကြမ်းဖက်မှု တန်ပြန်ချေမှုန်းရေးအတွက် လိုအပ်သည်များ တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ဒေသ အေးချမ်းသာယာစေရေး၊ ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ် မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ**




*စာမျက်နှာ ၈ မှ*

**ဘန်ကာများ ဆောက်လုပ် တိုက်ခိုက်**

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် လူနေအိမ်များ၊ ဘာသာရေး အဆောက်အဦများ၊ ဌာနဆိုင်ရာ အဆောက်အဦများအား အကာအကွယ်ပြု၍ ဘန်ကာများ ဆောက်လုပ် တိုက်ခိုက်ခဲ့ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မြို့တွင်းရှိ အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်း လုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**မြို့ပြန်လည်ထူထောင်ရေး စီမံဆောင်ရွက်လျက်ရှိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထီးချိုင့်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများ စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထီးချိုင့်မြို့ရှိ လူနေအဆောက်အဦများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ရုပ်အလောင်းများ။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်မှ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုချီးမြှင့်ရန်အတွက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာမြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း (စာရေးဆရာလေးကိုကို)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ ဦးဝဏ္ဏ(မာဂျေ)နှင့် အမှုဆောင်များက အကောင်းဆုံး အားကစားသမားဆု၊ သက်ကြီးအားကစား ကလောင်ရှင်များအား ကန်တော့ခြင်း ပြုလုပ်ရန်အတွက် ရက်သတ်မှတ်ရေး ဆွေးနွေးခြင်း၊ ၂၀၂၃ ခုနှစ် အကောင်းဆုံးအားကစားသမားဆု ဒီဇင်ဘာလတွင်ရွေးချယ်ရန် ဆွေးနွေးကြသည်။

အဆိုပါ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်ခြင်းကို နိုဝင်ဘာလနောက်ဆုံးအပတ်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက် မြန်မာ့အိုလံပစ်နေ့တွင် သက်ကြီးအားကစား ကလောင်ရှင်များအား ရန်ကုန်မြို့တွင် ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးနှင့် မိုးနေကြာစိုက်ပျိုးထားမှုများ ကွင်းဆင်းကြည့်ရှု

**အင်္ဂပူ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထူးကြီးဒေသ အုတ်ရှစ်ကုန်းကျေးရွာရှိ တက်နေဝင်း စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် မြင့်မြတ်သူ နေကြာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ မိုးနေကြာစိုက်ပျိုးထားရှိမှုများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မိုးစပါးစိုက်ပျိုးသည့် တက်နေဝင်းမှ အသင်းသားတောင်သူ ၅၄ ဦး၏ မိုးစပါးစိုက်ဧက ၂၈၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများကိုလည်းကောင်း၊ မိုးနေကြာစိုက်ပျိုးသည့် မြင့်မြတ်သူမှ အသင်းသား ၄၀ ၏ မိုးနေကြာစိုက်ဧက ၄၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၃၀၀၀ နှင့်ညီမျှသော ပံ့ပိုးငွေကျပ် ၅၄၁၂၀၀၀ ကိုလည်းကောင်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “မုန်း” ကို အမြဲပြုံးစေချင်ပြီ

ဝ ထ က လ သ(နတလ)



စစ်တောင်းမြစ်အားယခင်က ဤသို့ခက်ခဲစွာဖြတ်ကူးခဲ့ရသော်လည်း မြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးမှုကြောင့် ယခုအခါ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ခဲ့ပေပြီ။

တစ်နေ့သောရုံးပိတ်ရက်တွင်–

စာရေးသူသည် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်၌ ဆံပင်ညှပ်နေပါသည်။ အချိန်မှာ နံနက်ခင်း၊ နေရောင်နုနုသည် စိမ်းစိုသောသစ်ပင်၊ သစ်ရွက်များအပေါ်တွင် ပြေပြေလေး လှပစွာတောက်ပလျက်ရှိသည်။

ဆံသဆိုင်အတွင်း၌ လူငယ်၊ လူလတ်၊ လူကြီးတို့ အသွေးအရောင်စုံ၊ အရွယ်စုံ၊ ဒေသစုံ ရောက်ရှိနေကြလေသည်။ စကားသံများလည်း အစုံကြားရ၏။ မိမိတို့ ကျင်လည်ရာ ပတ်ဝန်းကျင်၏ လူမှုဒုက္ခသုခအစုံလည်းပါ၏။ ပျော်စရာကောင်းသော၊ လွမ်းမောစရာကောင်းသော စကားသံများလည်း ပါဝင်လေ၏။

ထိုအခိုက် တစ်ခုသော “စကားသံ” က အားလုံး၏ရင်ကို လှုပ်ခတ်သွားစေခဲ့သည်။ ခဏမျှ တိတ်ဆိတ်သွားစေခဲ့သည်။ လှပသောနံနက်ခင်းကို အကျည်းတန် သွားစေခဲ့သည်။

“နတ်သံကွင်းတံတားကို မိုင်းခွဲလိုက်ကြပြီ၊ စစ်တောင်းမြစ်ကူး တံတားကျိုးကျသွားတယ်။ မြစ်အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကူးဖို့ သွားရေး၊ လာရေး မလွယ်တော့ဘူး။ ကျုပ်က **နတ်သံကွင်း** မှာနေတာ၊ နတ်သံကွင်းကနေ မြစ်ကမ်းပါးကို ဆိုင်ကယ်ငှား၊ ကမ်းပါးကနေ လှေဆိပ်ကို လူတွေ၊ ပစ္စည်းတွေ ခက်ခက်ခဲခဲဆင်း၊ ပြီးရင် စက်လှေနဲ့ကူး၊ တစ်ဖက်ကမ်းမှာ ဆိုင်ကယ်ဆက်ငှား။ နတ်သံကွင်းကနေ ရန်ကုန် – မန္တလေး လမ်းဟောင်းရောက်ဖို့ ငွေငါးသောင်းလောက်ကုန်တယ်၊ အရင်က ငါးထောင်၊ အခုတော့ ဆယ်ဆဗျာ။ ဒေသကို တော်တော်ဒုက္ခပေးတဲ့ **နတ်ဆိုးတွေ**။ ဒေသခံတွေပဲ ဒုက္ခရောက်ကြတယ်။ ဆက်သွယ်ရေးနဲ့ လုံခြုံရေးမကောင်းတော့ ဘာမှလုပ်စားလို့လည်း မရတော့ဘူး။ ဆင်းရဲဒုက္ခရောက်ကုန်ကြပြီ” ဟူသော ဒေသတစ်ခုမှ တိုင်းရင်းသားတစ်ဦး၏ ညည်းညူသံသည် ကျွန်ုပ်တို့၏ နှလုံးသားအတွင်း ပိုင်းအထိ အပူကူးစက်စေခဲ့ပါသည်။

မကြာသေးမီကာလတစ်ခုကပင် ငြိမ်းချမ်းရေးကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အေးချမ်းသာယာဝပြောမှုအသီးအပွင့်များ ခံစားနေရပြီဖြစ်သော ဒေသတစ်ခုအတွက် စိတ်မအေးချမ်းဖွယ် ဖြစ်မိရပါသည်။

## “မုန်း” ဒေသဖွံ့ဖြိုးရေး

စာရေးသူသည် ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်ဝန်းကျင်ခန့်က တောင်ငူ၊ ဖြူး၊ ထန်းတပင်၊ နတ်သံကွင်း၊ ကျောက်ကြီးဒေသများသို့ တာဝန်ဖြင့် အကြိမ်ကြိမ်ရောက်ရှိခဲ့သည်။ **“မုန်း”** ဟုအမည်ရှိသည့် “ချစ်စရာဒေသ” တွင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

**“မုန်း”** သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်နှင့် ကရင်ပြည်နယ် သံတောင်ကြီးခရိုင်အစပ်ရှိ ကျောက်ကြီးမြို့နယ်အတွင်းမှ မြို့ငယ်လေးတစ်မြို့။ စိမ်းစိုနေသည့် လယ်ကွင်းပြင်များ၊ ကြည်လင်အေးချမ်းစွာစီးဆင်းနေသည့် ချောင်းများ၊ နောက်ခံအခြေအရံ တောင်တန်းကြီးများနှင့် သာယာလှပနေသည့်မြို့လေးပင်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများနှင့် ထိတွေ့ဆက်စပ်နေသည့် တိုင်းဒေသကြီးနှစ်ခု၊ ပြည်နယ် ခုနစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ မြို့နယ်ပေါင်း ၁၁၆ မြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေ ရရှိရေး၊ စွမ်းအင်လုပ်ငန်းနှင့် သာသနာရေးဆိုင်ရာလုပ်ငန်းများ တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုဒေသများအပြင် **“မုန်း”**ဒေသကဲ့သို့ ဖွံ့ဖြိုးရန်လိုအပ်သော မြို့နယ်ပေါင်း ၅၃ မြို့နယ်တွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

တောင်ငူ – မုပ္ပလင်လမ်းဘေးတွင် **“မုန်း”** ဈေးရှိ၏။ ထို **“မုန်း”** မြို့ဈေးလမ်းမှ ရေအိုးစင်ကျေးရွာသို့သွားသည့် ကျေးရွာချင်းဆက်လမ်းကား ကျင်းချိုင့်ပေါ၏။ ရွှံ့ဗွက်ထူ၏။ မညီမညာပျက်စီးနေခဲ့၏။ ဒေသခံများသွားလာရ ခက်ခဲခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့လေပြီ။ ဒေသခံများက လမ်းအားအဆင့်မြှင့်တင်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ထိုလမ်းအား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းအရှည် ၂၁၉၅ ပေ၊ ဒုတိယနှစ် ၂၀၁၈–၂၀၁၉ တွင် လမ်း ၆၉၈၅ ပေကို စုစုပေါင်း လမ်းအရှည် ပေ ၉၁၈၀၊ အကျယ် ၁၄ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၃၁၅ ဒသမ ၂၀၅ သန်းဖြင့် ကောင်းမွန်စွာ ဖောက်လုပ်ပြီးစီးခဲ့ပါသည်။ ဒေသလိုအပ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သော လမ်းလုပ်ငန်းတစ်ခုပင်ဖြစ်ပါသည်။

❝ တောင်ငူ - မုပ္ပလင်လမ်းဘေးတွင် “မုန်း” ဈေး ရှိ၏။ ထို “မုန်း” မြို့ဈေးလမ်းမှ ရေအိုးစင်ကျေးရွာသို့သွားသည့် ကျေးရွာချင်းဆက်လမ်းကား ကျင်းချိုင့် ပေါ၏။ ရွှံ့ဗွက်ထူ၏။ မညီမညာပျက်စီးနေခဲ့၏။ ဒေသခံများသွားလာရ ခက်ခဲခဲ့သည်မှာ နှစ်ပေါင်း ကြာခဲ့လေပြီ။ ဒေသခံများက လမ်းအားအဆင့်မြှင့်တင်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ထိုလမ်းအား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းအရှည် ၂၁၉၅ ပေ၊ ဒုတိယနှစ် ၂၀၁၈- ၂၀၁၉ တွင် လမ်း ၆၉၈၅ ပေကို စုစုပေါင်း လမ်းအရှည် ပေ ၉၁၈၀၊ အကျယ် ၁၄ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၃၁၅ ဒသမ ၂၀၅ သန်းဖြင့် ကောင်းမွန်စွာ ဖောက်လုပ်ပြီးစီးခဲ့ ❞

## “မုန်း” သို့

အချိန်ကာလတို့ကြာခဲ့ပြီဟု ဆိုငြားသော်လည်း အတိတ်တို့သည် ပစ္စုပ္ပန်ကို စောင်းပါးရိပ်ခြည် မျက်နှာလာပြစမြဲပင်။ ထို့ကြောင့် သွားလာခဲ့ဖူးသည့် ထိုလမ်းနှစ်သွယ်စလုံး၏ လမ်းပိုင်းတစ်ခုလုံးကို မှတ်မိမြင်ယောင်နေခဲ့သည်။ လမ်းဘေးဝဲယာရှုခင်းတွေကိုလည်း စာရေးသူ၏အတွေးထဲ အလွတ်ရနေဆဲဖြစ်ပါသည်။

ရန်ကုန် – မန္တလေးလမ်းမကြီးမှ **“မုန်း”** သို့ သွားရန်လမ်း နှစ်သွယ်ရှိသည်။

ဖြူး– နတ်ရေကန်– တံခွန်တိုင်– ကျားသောင်–ဝဲကြီး– အုတ်ဖြတ်– ကရင်ကျကျေးရွာမှ **“မုန်း”** သို့ သွားသည့်လမ်းမှာ အတိုဆုံးလမ်းဖြစ်သည်။

ဒုတိယလမ်းမှာ ပဲနွယ်ကုန်း – နတ်သံကွင်း–ကျောက်ကြီး မှ **“မုန်း”** သို့ဖြစ်ပါသည်။

စာရေးသူရောက်ခဲ့စဉ်က အုတ်ဖြတ် – မုန်း တံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်နေဆဲကာလဖြစ်သည်။

ထို့ကြောင့် ဖြူးမြို့မှ **“မုန်း”** သို့ သွားရန် ကရင်ကျကျေးရွာအနီးတွင် စစ်တောင်းမြစ်ကို ဖြတ်ကူးရ၏။ မိုးနှောင်းကာလမို့ စစ်တောင်းမြစ်ရေပြည့်နေချိန်ဖြစ်၏။ ထို့ကြောင့် လူ၊ ဆိုင်ကယ်၊ ကားများ ဖောင်ဖြင့် ဖြတ်ကူးရ၏။ ရေစီးသန်သော မြစ်တစ်စင်းဖြစ်သည့်အတွက် အန္တရာယ်အလွန်များလှပေသည်။ ရေကျချိန်များတွင်မူ မြစ်နှစ်ဖက်ကမ်းကို ယာယီဖောင်တံတားထိုးထား၏။ ထိုအပေါ်မှ တစ်စီးပြီးတစ်စီး ဖြတ်ကြရလေသည်။ **“မုန်း”** သို့ သွားရန် စစ်တောင်းမြစ်ကို ဖောင်ဖြင့် ကူးခဲ့ရသည့် အတွေ့အကြုံမှာ မမေ့နိုင်စရာ အထင်ကရပြယုဂ်တစ်ခု ဖြစ်ခဲ့ဖူးသည်ဟု **“မုန်း”** ဒေသခံများက ဆိုပါသည်။

၂၀၂၂ ခုနှစ်တွင် အရှည်ပေ ၆၂၀ ရှိ အုတ်ဖြတ်–**“မုန်း”** စစ်တောင်းမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးခဲ့ပါသည်။

ထို့ကြောင့် ယခုအခါ ဒေသခံများသည် စစ်တောင်းမြစ်အား တံတားကြီးပေါ်မှ အချိန်မရွေးဖြတ်သန်းသွားလာနိုင်ခဲ့ကြလေပြီ။ အချိန်ကုန်၊ လူပန်းသက်သာစေခဲ့ပေပြီ။ ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်စေခဲ့ပြီ။



မိုင်းထောင်ဖောက်ခွဲခံရမှုကြောင့် ပြိုကျပျက်စီးခဲ့ရသည့် ဒေသ၏အသက်ဝိညာဉ်ဖြစ်သော စစ်တောင်းမြစ်ကူး နတ်သံကွင်းတံတား၏ ယခင်နှင့် ယခုမြင်ကွင်း။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒုတိယလမ်းမှာ ညောင်လေးပင်မှတစ်ဆင့် သွားရသည်။ ထိုလမ်းမှာ နတ်သံကွင်းမြို့အနီးရှိ စစ်တောင်းမြစ်ကူးတံတားကြီးကို ဖြတ်ရ၏။ စစ်တောင်းမြစ် ရစ်ခွေစီးဆင်းနေသည့် နတ်သံကွင်းမြို့ကို မြစ်ကမ်းဘေးကားလမ်းအတိုင်းပတ်၍ သွားရသည်။ နတ်သံကွင်းမှ ကျောက်ကြီး၊ ကျောက်ကြီးမှ **"မုန်း"**သို့ဆက်သွားရပါသည်။ ပထမလမ်းထက် ခရီးပိုဝေးသော်လည်း မြစ်ကူးတံတား ရှိခြင်းကြောင့် အချိန်ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ခဲ့ပါသည်။

ထို့ကြောင့် ဤတံတားကြီးသည် ဒေသခံတို့၏ **"အသက်ဝိညာဉ်"** ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။

**"မူး" မှ "မုန်း"**

လုပ်ငန်းခွင် ဆောင်ရွက်နေဆဲကာလများတွင် ဗမာ၊ ကရင်၊ ရှမ်းတိုင်းရင်းသားတို့ အဓိက နေထိုင်ကြသော **"မုန်း"** ဒေသအကြောင်းကို ဒေသခံများမှ တစ်ဆင့် တစ်စိတ်တစ်ပိုင်း သိခွင့်ရခဲ့သည်။

"မုန်းချောင်းကို ရှေးက မူးချောင်းလို့ခေါ်ကြတယ်။ ချောင်းရေအရသာက အခြားချောင်းတွေထက် ပိုကြည်ပိုသန့်လို့ တစ်မူးသာတယ်ဆိုပြီး **မူးချောင်း**၊ နောက်တော့ **မုန်းချောင်း** လို့ ပြောင်းခေါ်တာလို့ ဘိုးဘွားတွေက ပြောကြတယ်။ ပါးစပ်ရာဇဝင်ပေါ့ ဆရာ။ မုန်းချောင်းက စစ်တောင်းမြစ်ထဲစီးဝင်တာ။ အရင်အချိန်တွေဆို ချောင်းရေဟာ မိုးရွာချိန်က လွဲလို့ အမြဲကြည်လင်နေခဲ့တာ။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း **မုန်းချောင်း** ဖျားမှာ ရွှေတူးဖော်ခွင့်တွေ ပေးလိုက်တော့ ရွှေလုပ်ငန်းခွင်က ရွှံ့တွေကြောင့် ချောင်းရေတွေ နောက်လာတယ်။ အခုတော့ ဟိုတစ်ချိန်က မြင်ကွင်းတွေ၊ ကြည်နူးခဲ့ရတဲ့ အရသာတွေလည်း ပျောက်ကုန်ခဲ့ပါပြီ" ဟု **"မုန်း"** ဒေသခံ ကိုစိုးမင်းနောင်က တမ်းတမ်းတတ ပြောပြပါသည်။

**"မုန်း"** မြို့၏ အရှေ့ဘက်ခြမ်းတွင် ကရင်ပြည်နယ် တောင်တန်းကြီးများကား ခံ့ညားစွာ တည်ရှိ၏။ ထို **"မုန်း"** အရှေ့တောင်ပေါ်ဒေသများတွင် ကွမ်းသီးခြံများ အများအပြားရှိသည်။ အိမ်တိုင်းလိုလို ပန်းအလှပင်များ၊ ဒူးရင်း၊ မင်းကွတ်၊ တညင်းသီး၊ ကွမ်း(ကွမ်းကြမ်း) များ စိုက်ပျိုးထားကြပါသည်။

အရင်အချိန်များက ဤဒေသတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်း အကြီးအကျယ် လုပ်ကိုင်ခဲ့ကြဖူးသည်။ ဒီဇင်ဘာလဆိုလျှင် **"မုန်း"** ဝန်းကျင် ကြံခင်းများမှ ဇေယျဝတီသကြားစက်သို့ ကြံတင်ပို့မှုကလည်း အလွန်များခဲ့ဖူးပါသည်။

ငြိမ်းချမ်းစွာဖြင့် ဒေသဖွံ့ဖြိုးခဲ့မည်ဆိုပါက စစ်တောင်းမြစ်နှင့် မုန်းချောင်းဆုံတွေ့ရာ ဤဒေသသည်သဘာဝက ပေးအပ်ထားသည့်အလှတရားများ ကြွယ်ဝစွာရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုနေပါလိမ့်မည်။



မုန်းမြို့၏သမိုင်းဝင် ကျောက်ခဲကြီးတောင်စေတီတော်။

မြူခိုးများဝေနေသော တောင်ကြားတစ်လျှောက် ပုံစံထူးခြားသော ကျောက်တုံး၊ ကျောက်ဆိုင်များကို ဖြတ်သန်းလျက် အေးအေးငြိမ့်ငြိမ့် စီးဆင်းနေသော ချောင်းငယ်လေးများ၊ တစ်မျှော်တစ်ခေါ် ကျယ်ပြောစိမ်းမြနေသော လယ်ကွင်းပြင်များ၊ တိမ်သား၊ တိမ်စိုင်၊ တိမ်ထုတို့နှင့် တစ်သားတည်း ထိစပ်နေသည့် တောင်တန်းအထပ်အလိပ်များ၊ တောင်စောင်းများ၊ ချောင်းကမ်းပါးများပေါ်ရှိ တောင်ယာတဲများမှ တလူလူလွင့်နေသော မီးခိုးငွေ့များ၊ ချစ်စရာခလေ့များနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရှင်းသော ကျေးရွာကလေးများဖြင့် စုစည်းမှုအဖုံဖုံတို့ကား ဆွတ်ပျံ့ကြည်နူးဖွယ် ပန်းချီကားတစ်ချပ်ပမာ ဖြစ်တည်နေကြသည်။

ဒေသ၏ ထင်ရှားကျော်ကြားလှသော ကျောက်ခဲ ကြီးတောင်၊ ရက္ခတောင်နှင့် ရှင်သီဝလိခြေတော်ရာ တောင်တို့ကလည်း ပန်းချီကားကို ပိုမိုပြည့်စုံအောင် အားဖြည့်ပံ့ပိုးထားသလိုပင်။

ထိုစဉ်အချိန်က **"မုန်း"** ၏ ရာသီ၊ **"မုန်း"** ၏ ဖြစ်တည်မှု၊ တော၏အရောင်၊ တောင်၏ အသွေးစသည့် အလှတရားများကို ပြန်လည်ခံစားရင်း "စစ်တောင်းမြစ်ကူး တံတားများအကြောင်း" တွေးတောမိပြန်သည်။

**စစ်တောင်းမြစ်ကူးတံတားများ**

၂၆၁ မိုင် အရှည်ရှိ စစ်တောင်းမြစ်တစ်လျှောက် မြစ်အရှေ့ဘက်ခြမ်းဒေသများရှိ အချို့ဒေသများမှာ ဖွံ့ဖြိုးမှုနောက်ကျနေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က တံတားအထူးအဖွဲ့များဖြင့် မြစ်ကူးတံတားများကို တည်ဆောက်ပေးခဲ့ပါသည်။ ကမ်းနှစ်ဖက် အလွယ်တကူဖြတ်ကူးနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ ထိုဒေသများ၏ စီးပွားရေး၊ လူမှုရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

ပေ ၆၈၀ ရှိ စစ်တောင်းတံတား (တောင်ငူ)၊ ပေ ၁၂၀၀ ရှိ ထန်းတပင်တံတား၊ ပေ ၁၂၀၀ ရှိ မြို့စိုးတံတား၊ ပေ ၇၂၀ အရှည်ရှိ နတ်သံကွင်းတံတား၊ ပေ ၁၅၀၀ အရှည်ရှိ မဒေါက်တံတား၊ မုပ္ပလင်ရှိ အရှည် ပေ ၂၃၂၀ ရှိ စစ်တောင်းမြစ်ကူးတံတား (အဟောင်း)နှင့် ၂၃၉၂ ပေ အရှည်ရှိ စစ်တောင်းမြစ်ကူးတံတား (အသစ်) တို့ဖြစ်သည်။ နောက်ဆုံးတည်ဆောက်ပြီးစီးသော တံတားမှာ ဖြူး-အုတ်ဖြတ်- **"မုန်း"** လမ်းပေါ်ရှိ အရှည် ပေ ၆၂၀ ရှိ တံတားအပါအဝင် စစ်တောင်းမြစ်ကူးတံတား ခုနစ်စင်း ရှိပါသည်။

**တံတားတစ်စင်း တည်ဆောက်ရာဝယ်**

နိုင်ငံတော်အနှံ့ လမ်းများဖောက်ကြရာတွင် မြစ်ချောင်းများကို မလွဲမသွေဖြတ်ကြရသည်။ ထိုမြစ်ချောင်းများကို ဖြတ်သန်းရန် တံတားများ မဖြစ်မနေ တည်ဆောက်ရပါသည်။ မြစ်ကူး၊ ချောင်းကူးတံတားတစ်စင်း တည်ဆောက်သည့် လုပ်ငန်းမှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။

စာရေးသူတို့ "နတလဦးစီးဌာန" သည် နယ်စပ်ဒေသများ၌ တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါသည်။

နယ်စပ်ဒေသများ၌ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောထူထပ်၍ တောင်များ မတ်စောက်သော ဒေသများဖြစ်သဖြင့် အခက်အခဲပေါင်းများစွာ ကြုံတွေ့ရမြဲဖြစ်ပါသည်။ လူသူအရောက်အပေါက်နည်းသော ဒေသများဖြစ်သဖြင့် နှစ်စဉ်မိုးရေချိန်နှင့် ရေစီးကြောင်းပြောင်းလဲမှု (Annual data) ကို မှန်မှန်ကန်ကန် ရရှိရန်ခက်ခဲလှသည်။ တောင်ပေါ်ဒေသများဖြစ်၍ စက်ယန္တရားများနှင့် ဆောက်လုပ်ရေးပစ္စည်းများ သယ်ပို့ရာတွင် ကုန်ကျစရိတ် ပိုမိုများပြားသည်။ တောင်ကျချောင်းများဖြစ်သဖြင့် ရေအတက်အကျခန့်မှန်းရန်လည်း ခက်ခဲပြန်ပါသည်။ ထိုသို့ အမြင့်ဆုံး ရေအမှတ် (Hight Flood) ခန့်မှန်းရန်ခက်ခဲသည့်နေရာများတွင် တံတား၏ရေလယ်တိုင် (Pier height) များကို မြှင့်၍ တည်ဆောက်ပေးရပါသည်။

ကျွမ်းကျင်လုပ်သား (Skill Labor) လည်း ဒေသမှ ရရှိရန် ခက်ခဲပေသည်။ သဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ကြရသည်။ မတ်စောက်လှသော တောင်များကြောင့် မြေကြီးလုပ်ငန်း ပမာဏများပြားပြီး (Landslide) မြေပြိုခြင်းများ မကြာခဏ ကြုံတွေ့ရတတ်ပြန်သည်။ ထို့အပြင် တံတား Foundation နှင့် Pile လုပ်ငန်းများသည် မိုးပြင်းထန်စွာရွာသွန်းမှု၊ တောင်ကျချောင်းများ၏ ရေစီးကြမ်းတမ်းမှုကြောင့် ရေတိုက်စား၍ ပျက်စီးတတ်ပါသေးသည်။ ထို့ကြောင့် မြေပြန့်ဒေသလုပ်ငန်းများထက် တောင်ပေါ်ဒေသလုပ်ငန်းများက ပိုမို၍ ကုန်ကျစရိတ်ကို များပြားစေခဲ့ပါသည်။

ဤသို့ပင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြစ်ကူးတံတားကြီးများ တည်ဆောက်ကြရာတွင် အကြို အင်ဂျင်နီယာလုပ်ငန်းများ၊ Survey များ စတင်ချိန်ကအစပြု၍ တွေ့ကြုံရသည့် အခက်အခဲများကား ဆိုဖွယ်ရာမရှိ၊ များလွန်းလှပေလိမ့်မည်။ ထိုသို့ မြစ်ကူးချောင်းကူးတံတားကြီးတစ်စင်း ပြီးစီးရန်လည်း နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ခဲ့ကြရသည်။ နိုင်ငံတော်က နိုင်ငံသားတို့အတွက် ရေရှည်ဖြတ်သန်း အသုံးပြုနိုင်စေရန် စိန်ခေါ်မှု၊ အခက်အခဲမျိုးစုံကြားမှ **"နတ်သံကွင်းတံတား"** ကဲ့သို့သော မြစ်ကူးတံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပါသည်။

သို့သော် စဉ်းစားဉာဏ်မဲ့သူတို့ လုပ်ရပ်ကြောင့် **ဒေသတစ်ခုအတွက် အသက်ဝိညာဉ်**နှင့် တူလှသော တံတားကြီးတစ်စင်းမှာ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ကျိုးကျပျက်စီးခဲ့ရလေပြီ။

အကျိုးဆက်မှာ တိုသောခရီးများ ပိုဝေးခဲ့ပြီး ဝေးသောခရီးများ ပို၍ရှည်ခဲ့ပေပြီ။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ငြိမ်းချမ်းရေးသည် တန်ဖိုးမဖြတ်နိုင်အောင် အရေးကြီးခဲ့လေပြီ။

**အမှန်တကယ်ငြိမ်းချမ်းရေး**

နိုင်ငံတော်ဝန်ကြီးချုပ်က **"ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရေး အမြဲဖိတ်ခေါ်လမ်းဖွင့်ထားပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်လိုသည်ဟု သိရှိပါကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက**


*စာမျက်နှာ ၁၂ သို့*



မုန်းမြို့အဝင်ကို တွေ့ရစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သော မုန်းမြို့ဈေးလမ်းမှ ရေအိုးစင်ကျေးရွာသွားကတ္တရာလမ်းကို တွေ့ရစဉ်။



# တိုက်ပွဲဝင်စစ်သည်များအတွက် စာပေအဖွဲ့အစည်းများက အလှူငွေပေးအပ်

**ရန်ကုန်  နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ၌ အသက်ကိုပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်လျက်ရှိသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)

**သတင်းစဉ်**


# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများပေးပို့လှူဒါန်း


**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်း လျက်ရှိသည့်အပြင် ဒံပေါက်ဘူး များကိုလည်း ပေးပို့လှူဒါန်းလျက် ရှိသည်။

ယနေ့တွင်လည်း စေတနာ ရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်း ကြသည်။ အဆိုပါ စေတနာရှင် ပြည်သူများလှူဒါန်းသည့် ဒံပေါက် ဘူးများကို တာဝန်ရှိသူများက လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ် များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံ ပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများ နှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့ သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေ ကြောင်း၊ အန္တရာယ်ရန်စွယ်တွေ ကို ကျော်လွှားနိုင်ပါစေကြောင်း၊ အမျိုးဘာသာ၊ သာသနာကို ကာကွယ် စောင့်ရှောက်နေသော တပ်မတော်သားများ ကျန်းမာပါ စေကြောင်း" စသည့် ဆုတောင်း မေတ္တာစာလွှာများ ပါရှိကြောင်း သိရှိရသည်။







**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သတင်းတု၊ သတင်းမှားများကို ချင့်ချိန်ယုံစေချင်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေး သွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတော်ကို အမုန်တကယ်ချစ်မြတ်နိုးသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

**ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပြီး ဒေသတစ်ခုချင်းအလိုက် တည်ငြိမ်အေးချမ်းမှု ရှိခြင်းမှသည် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း လာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါကြောင်း၊ အမှန်တကယ်ငြိမ်းချမ်းရေး ကိုလိုလားပါက အမုန်းတရားကို အခြေခံ၍ ဆောင်ရွက်၍ ရမည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေး ကို ပျက်ယွင်းစေမည့် အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များကို လုံးဝလက်သင့်ခံ၍ ရနိုင်မည် မဟုတ်ပါကြောင်း"** ဟု အကြိမ်ကြိမ်အသိပေးခဲ့ပါ သည်။

### "မုန်း" ကို အမြဲပြုံးစေချင်ပြီ

ဤနတ်သံကွင်း၊ ကျောက်ကြီး၊ **"မုန်း"**နယ်မြေ သည် ၂၀၀၃ ခုနှစ်လောက်အထိ ညဘက်အရေး ကြီးကိစ္စ အပြင်ထွက်လျှင် တစ်ကိုယ်လုံးမြင်သာ အောင် မီးတုတ်ထွန်းပြီးမှ ထွက်ခဲ့ကြရသည့် အချိန် ကာလများရှိခဲ့သည်။ ဤဒေသသည် လုံခြုံရေးအရ အရောင်ခပ်ရင့်ရင့် သတ်မှတ်ခဲ့ရသည်။ ကျိန်စာသင့် နယ်မြေတစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ထိုမှတစ်ဖန် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ချိုမြိန်စွာ ခံစားခဲ့ရပြန်သည်။ ဒေသ၏ အရောင်သည် ခပ်နုနု ခပ်ဖျော့ဖျော့သို့ ပြောင်းလဲလာခဲ့၏။

ယခုတော့ တစ်ခါအရောင်ပြန်၍ ရင့်ခဲ့ပြန်လေ ပြီ။

ဤဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက် ပေးရန် **"မုန်း"** သို့ ရောက်စဉ်ကာလသည် အရောင် နုနုအချိန် ဖြစ်သည်။ ဒေသ၏ ကြည်နူးဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် အခင်းအကျင်းကြောင့် –

အရင်တုန်းက
တဒက်ဒက်၊ တဒုန်းဒုန်းနဲ့
**"မုန်း"** ဟာ ငရဲ.......
စစ်ပွဲတွေကို စက်ဆုပ်ပေမယ့်
ရှောင်လွှဲဖို့ကို ကြိုးစားမရခဲ့ဘူး......။
ညမှောင်ရင်
မီးရောင်မပြရဲခဲ့တဲ့ **"မုန်း"**ဟာ
အခုတော့သာယာပုံကဲ
မိုးကဖွဲဖွဲရွာ
နေကကျဲကျဲကိုပူလို့.....။
မုန်တိုင်းလည်းမတိုက်
လေကြီးမိုးကြီးလည်းမကျ
လျှပ်စီးလည်းမလက်နဲ့
**"မုန်း"** ရဲ့ နံနက်ခင်းဟာ၊ နေစာလှုံရင်း
လတ်ဆတ်လို့
**"မုန်း"** ရဲ့ နေ့လယ်ခင်းဟာ၊ ဖြူစင်စွာတည်ငြိမ်လို့
**"မုန်း"**ရဲ့ညနေခင်းဟာ၊တိမ်တွေနဲ့တောက်ပလို့
**"မုန်း"** ရဲ့ ညအိပ်မက်တွေဟာ၊ လှပစွာချိုမြိန်လို့
ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေနဲ့
ဣန္ဒြေရလိုက်တာဗျာ......
အမည်နဲ့ ကွာလိုက်ပုံများ
ကြည့်စမ်း.....
**"မုန်း"** ...... က
ခပ်ပြုံးပြုံးကြီးနဲ့ ကြိုလို့
**"မုန်း"** ကို ချစ်လိုက်တာ......ဟု

**"မုန်း"** အတွက် ကြည်နူးစွာဖြင့် စာတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးပါသည်။

.......................

ယခုအချိန်တွင် **"မုန်း"** ၏ အပြုံးများသည် ခြောက်သွေ့နွမ်းလျော်၍ ပြန်လည်ပျောက်ဆုံးခဲ့ ပြန်လေပြီ။

ဒေသအသီးသီးတွင် အနိဌာရုံများ အမြန် ချုပ်ငြိမ်းပပျောက်ပြီး ဒေသတွင်းငြိမ်းချမ်းရေး အသီးအပွင့်များ ရရှိခံစားနိုင်စေရန် ထာဝရ ငြိမ်းချမ်းရေးသည်သာ နိုင်ငံသားအားလုံး၏ ဆန္ဒ၊ နိုင်ငံသားအားလုံး၏ မျှော်လင့်ချက်ဖြစ်တော့သည်။

ထာဝရငြိမ်းချမ်းရေး ရစေချင်ပါပြီ.......။
ဒေသဖွံ့ဖြိုးရေးများ ပြန်မြင်ချင်လှပါပြီ......။
**"မုန်း"**ကို အမြဲပြုံးစေချင်ပြီ.......။ ။

# ဂျပန်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်သည့်အတွက် အသစ်တစ်ဦး ထပ်မံအစားထိုး

တိုကျို နိုဝင်ဘာ ၁၃

**ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီး ကန်ဒါခန်းဂျီ သည် အခွန်ပေးဆောင်ရန် အကြိမ်ကြိမ် ပျက်ကွက်မှုဖြင့် နိုဝင်ဘာ ၁၃ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့၍ ဂျပန်အစိုးရသည် နိုင်ငံတော်ဘဏ္ဍာရေးဝန်ကြီးအသစ်ကို အစိုးရအဖွဲ့ရုံး၏ ပြည်နယ်ဝန်ကြီးဟောင်း တစ်ဦးအား အစားထိုး ခန့်အပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။**

အောက်လွှတ်တော် အမတ်နှင့် လက်မှတ်ရအခွန်စာရင်းကိုင် တစ်ဦးဖြစ်သည့် ကန်ဒါပိုင်ဆိုင်သည့် ကုမ္ပဏီသည် အိမ်ခြံမြေအခွန်အတွက် အကြိမ်ကြိမ် ကြွေးကျန်ဖြစ်နေကြောင်း ပြီးခဲ့သည့် သီတင်းပတ်က လွှတ်တော်အစည်းအဝေးတွင် ဝန်ခံခဲ့သည်။ အခွန်ရှောင်မှုနှင့်ပတ်သက်၍ အပတ်စဉ်ထုတ်မဂ္ဂဇင်း တစ်စောင်က ဖော်ပြပြီးနောက် ၎င်း၏ ဝန်ခံချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်လက ပြည်နယ်တရားရေးဝန်ကြီးနှင့် ပညာရေးဒုဝန်ကြီးတို့ ရာထူးမှ နုတ်ထွက်မှုနှင့်အတူ ကန်ဒါကလည်း ရာထူးမှ နုတ်ထွက်ခဲ့သဖြင့် ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါ၏ အစိုးရအဖွဲ့တွင် အစိုးရအဖွဲ့ဝင် သုံးဦးကို အစားထိုး ခန့်အပ်ရန် လိုအပ်နေပြီဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီး အသစ်အဖြစ် အဓိက အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ အောက်လွှတ်တော်အမတ်နှင့် ပါလီမန် မြေယာ၊ အခြေခံ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဒုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အကာဇာဝါ ရိုဆေးကို ခန့်အပ်ရန် လက်ရှိ လွှတ်တော်တွင် အဆိုတင်သွင်းထားသည်။

**အင်န်အိတ်ချ်ကေ**



နုတ်ထွက်ခဲ့သည့် ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီး ကန်ဒါခန်းဂျီ။



# ဂါဇာကမ်းမြောင်ရှိ အယ်လ်ရှီဖာဆေးရုံတွင် ဓာတ်အားပြတ်တောက်မှုကြောင့် သေဆုံးသူ ၁၂ ဦးရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၁၃**

လျှပ်စစ်မီးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ပြတ်တောက်မှုကြောင့် လူနာ ၁၂ ဦး သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်သည်။

တိုက်ပွဲများ ပိတ်ဆို့နေခြင်းကြောင့် ဒဏ်ရာရသူ အများအပြားသည် အယ်လ်ရှီဖာဆေးရုံသို့ မရောက်ရှိမီတွင် အသက်ဆုံးရှုံးခဲ့ပြီး ရုပ်အလောင်း ၁၀၀ ကိုလည်း မသင်္ဂြိုဟ်ရသေးကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ အာဏာပိုင်များက မှတ်ချက်ပြုသည်။ ဆေးရုံတွင် ခိုလှုံနေကြသည့် ဒေသခံ ၁၅၀၀ ခန့်မှာလည်း တိုက်ပွဲများအတွင်း အဖမ်းခံရနိုင်သည့် အန္တရာယ်ရှိနေကြောင်း ဂါဇာရှိ အခြားအရာရှိ တစ်ဦးက ပြောကြားသည်။

ဟားမားစ်အဖွဲ့၏ အဓိက ကွပ်ကဲမှုဗဟိုဌာနသည် ဆေးရုံအောက်တွင်ရှိသည်ဟု အစ္စရေးတပ်ဖွဲ့များက စွပ်စွဲထားပြီး ဆေးရုံတွင် ကျန်ရှိနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအပြင် အဆိုပါနေရာတွင် ခိုလှုံနေကြသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အစ္စရေးစစ်ဘက်က တိုက်တွန်းထားသည်။

ပဋိပက္ခအတွင်း ဂါဇာကမ်းမြောင်ဒေသရှိ လူ ၁၁၁၈၀ သေဆုံးခဲ့ကာ အနည်းဆုံး ၃၂၅၀ မှာ အပျက်အစီးများ အောက်တွင် ပိတ်မိနေပြီး အချို့မှာ စာရင်းမရသေးကြောင်း ဂါဇာအာဏာပိုင်များက ပြောသည်။ ထို့အတူ အစ္စရေးဘက်မှလည်း တပ်ဖွဲ့ဝင် ၃၆၁ ဦး အပါအဝင် အနည်းဆုံး လူ ၁၂၀၀ သေဆုံးပြီး ၂၄၀ ခန့် ဂါဇာတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရကြောင်း ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် မီးလောင်မှုဖြစ်ပွား သေဆုံးသူ ကိုးဦးအထိ ရှိလာ

**ဟိုက်ဒရာဘတ် နိုဝင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်း ဟိုက်ဒရာဘတ်ပြည်နယ်မြို့ တယ်လန်ဂါနာတွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ကိုးဦးအထိ ရှိလာကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးက နိုဝင်ဘာ ၁၃ ရက်က အတည်ပြု ပြောကြားခဲ့သည်။

မီးလောင်မှုသည် နိုဝင်ဘာ ၁၂ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။ လူနေတိုက်ခန်း မြေညီထပ်မှ စတင်ခဲ့သော မီးသည် မကြာမီ အပေါ်ထပ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကလေးနှင့် အမျိုးသမီးများ အပါ လူ ၂၀ ဝန်းကျင်ခန့် အပေါ်ထပ်များတွင် ပိတ်မိနေခဲ့ပြီး ၎င်းတို့အနက် ၁၁ ဦးကို သတိလစ်နေသော အခြေအနေဖြင့် ကယ်တင်ခဲ့ရသည်။ ထို့နောက် ခြောက်ဦးမှာ ရုတ်တရက်သေဆုံးခဲ့ပြီး အခြားသုံးဦးမှာ အစိုးရဆေးရုံတွင်ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့သည်။

တီဗွီလိုင်းတစ်ခုတွင် မီးသတ်သမားများက လူများကို ပြတင်းပေါက်မှတစ်ဆင့် ကယ်ထုတ်နေသည်ကို ပြသခဲ့သည်။ ကနဦး သတင်းဖော်ပြမှုများအရ ကားပြင်ဆင်နေစဉ်အတွင်း မြေညီထပ်ရှိ ဓာတုပစ္စည်း သိုလှောင်ရာနေရာသို့ မီးပွားလွင့်စဉ်သွားပြီး မီးလောင်လွယ်သောဓာတုပစ္စည်းမှ တစ်ဆင့် မီးလျှင်မြန်စွာလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ**




# လျောင်ဒဏ်ခံ မိသားစုများအတွက် တစ်စုလျှင် ရူပီး ၅၀၀၀၀ ပေးရန် နီပေါအစိုးရ ဆုံးဖြတ်

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၃**

နီပေါအစိုးရသည် နိုဝင်ဘာ ၃ ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် အိုးအိမ်ဆုံးရှုံးခဲ့သော မိသားစုဝင်များအတွက် မိသားစုတစ်စုလျှင် ရူပီး ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၇၀ ခန့်) ကို ပေးအပ်ရန် နိုဝင်ဘာ ၁၃ ရက်က ဆုံးဖြတ်ခဲ့သည်။ ငလျင်ဒုက္ခသည်များအတွက် အိုးအိမ်များ အခိုင်အမာ တည်ဆောက်မပြီးခင် အချိန်အထိ ငလျင်ရန်ပုံငွေအသုံးပြုပြီး ယာယီနားခိုရာနေရာများ တည်ဆောက်ပေးရန် ဝန်ကြီး အဖွဲ့အစည်းအဝေးက သဘောတူခဲ့သည်။

ငလျင် ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေသည် ရူပီး ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၅ သန်း) ရှိပြီး ငလျင်အတွင်း ပျက်စီးသွားသော အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းစဉ်များအတွက် အသုံးပြုရန်လည်းပါသည်။ ရန်ပုံငွေ မလုံလောက်သေးသောကြောင့် တစ်ဦး တစ်ယောက်ချင်းစီအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်လည်းကောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့်လည်းကောင်း ထပ်မံထည့်ဝင်လှူဒါန်းရန် အစိုးရက တိုက်တွန်းထားသည်။



သုံးလကြာပြီးနောက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးနှင့် အစိုးရပြောရေးဆိုခွင့်ပုဂ္ဂိုလ် ရီကာရှာမာက ပြောသည်။ နိုဝင်ဘာ ၃ ရက်ညက နီပေါနိုင်ငံ အနောက်ပိုင်း ဂျာဂျာကော့နှင့် ရူကွန်အနောက်ပိုင်းများ၌ ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ၁၅၄ ဦးသေဆုံးခဲ့ပြီး ၃၆၆ ဦး ဒဏ်ရာ ရရှိခဲ့သည်။ လူနေအဆောက်အအုံပေါင်း ၆၂၀၁၂ ခု ပျက်စီးခဲ့သည်။ **ဆင်ဟွာ**

# အစ္စရေးတို့၏ တိုက်ခိုက်မှုများနှင့် ဆေးရုံသုံးပစ္စည်းများ မလည်ပတ်နိုင်ခြင်းကြောင့် ပါလက်စတိုင်း ဆေးရုံများရပ်ဆိုင်း

**ဂါဇာ နိုဝင်ဘာ ၁၃**

အစ္စရေးတို့၏ ဆက်လက်တိုက်ခိုက်မှုများနှင့် ဆေးရုံသုံးပစ္စည်း ကိရိယာများ လည်ပတ်ရန် လောင်စာဆီ ပြတ်တောက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ပါလက်စတိုင်း ဆေးရုံများတွင် ဝန်ဆောင်မှုများ မပေးနိုင်တော့ကြောင်း ပါလက်စတိုင်း အရာရှိတစ်ဦးက နိုဝင်ဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

အယ်အာလီဆေးရုံမှလွဲ၍ အခြားဆေးရုံအားလုံး ဝန်ဆောင်မှု မပေးနိုင်တော့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အာရှရက်ဖ် အယ်လ်ကေဒရာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အယ်လ်ရှီဖာဆေးရုံတွင် ဆေးရုံသုံးပစ္စည်းများ မလည်ပတ်နိုင်သောကြောင့် မွေးကင်းစကလေးငယ် ငါးဦးနှင့် လူနာ ခုနစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်က အယ်ကွဒ်ဆေးရုံ၌ လောင်စာဆီ ပြတ်တောက်မှုနှင့် မီးပျက်မှုများကြောင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုများကို ရပ်တန့်ခဲ့ရကြောင်း ပါလက်စတိုင်း ကြက်ခြေနီအဖွဲ့က သတင်းပေးပို့ ဖော်ပြခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ယိုယွင်းပျက်စီးခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းထောက်ပံ့ပေးမှုများ မလုံလောက်ခြင်းကြောင့် ဆေးဘက်ဆိုင်ရာအဖွဲ့များ၏ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် နှောင့်နှေးမှုများဖြစ်ပေါ်လျက်ရှိသည်။

**ဆင်ဟွာ**



# (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ၂၀၂၃ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလအားကစားအဖွဲ့ ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် "14th WORLD BODY BUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2023" ‘‘(၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ၂၀၂၃’’ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း ခေါင်းဆောင်၍ အားကစားသမား နှစ်ဦးပါဝင်သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလအားကစားအဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိဘဆွေမျိုးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါပြိုင်ပွဲကို နိုင်ငံပေါင်း ၄၈ နိုင်ငံမှ အားကစားသမားပေါင်း ၂၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလ အားကစားအဖွဲ့သည် Men's Sports Physique (Up to 175 Cm) ပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုကို ငြိမ်းချမ်းက ရရှိခဲ့ကာ ကာယဗလ ၇၀ ကီလိုတန်းပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ်ဆုကို ရဲထွန်းနောင် က ရရှိခဲ့သည်။ **သတင်းစဉ်**

# (၅၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ယှဉ်ပြိုင်ကစားနေမှု**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသား (မီတာ-၁၀၀) အပြေးပြိုင်ပွဲ(လူရွေးပွဲ)၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသားလုံတံပစ်ပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသမီး (မီတာ-၁၀၀) အပြေးပြိုင်ပွဲ (လူရွေးပွဲ)၊ အမျိုးသား (မီတာ-၈၀၀) အပြေးပြိုင်ပွဲ (လူရွေးပွဲ)၊ အမျိုးသမီး(မီတာ-၈၀၀)အပြေးပြိုင်ပွဲ (လူရွေးပွဲ) ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**အသင်း ၁၇ သင်းယှဉ်ပြိုင်**

အဆိုပါ (၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် နိုဝင်ဘာ ၂၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တရုတ်နိုင်ငံ ကျင်ဒါမြို့၌ ကျင်းပသည့် လှေပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် သုံးခုရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်ဒါမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် 2023 Asian Rowin Masters Coastal Regatta ပြိုင်ပွဲတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် အားကစားသမားများ ရွှေတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ အသက် (၂၇) နှစ်နှင့်အထက် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် အမျိုးသမီး နှစ်ယောက်လှော်ပြိုင်ပွဲ (CW2x) 2.8 Km တွင် မြန်မာမှ နီလာဝင်းနှင့်အိဖြူက ပထမ (ရွှေ)၊ တရုတ်က ဒုတိယ (ငွေ)၊ တရုတ်က တတိယ (ကြေး)၊ အမျိုးသမီး တစ်ယောက် လှော်ပြိုင်ပွဲ (CW1x) 1.6 Km တွင် မြန်မာမှ အိဖြူက ပထမ (ရွှေ)၊ တရုတ်က ဒုတိယ (ငွေ)၊ တရုတ်က တတိယ (ကြေး)၊ အမျိုးသမီး တစ်ယောက်လှော် ပြိုင်ပွဲ (CWx) 1.6 Km တွင် မြန်မာမှ နီလာဝင်းက ပထမ(ရွှေ) မလေးရှားက ဒုတိယ (ငွေ)၊ အင်ဒိုနီးရှားက တတိယ (ကြေး) ရရှိခဲ့သည်။



အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာရှနိုင်ငံများမှ အားကစားသမား စုစုပေါင်း ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အုပ်ချုပ်/ နည်းပြ တစ်ဦး၊ အမျိုးသမီး အားကစားသမား နှစ်ဦးတို့သည် ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်တာဝန်ရှိသူများ၊ လှေလှော် အားကစားသမားများ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **အာကာလင်း**

# MNL League Cup ပြိုင်ပွဲကျင်းပရန် စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီ လိဂ်ပြိုင်ပွဲများမစတင်မီ ကလပ်အသင်းများအတွက် MNL League Cup ပြိုင်ပွဲကျင်းပရန် စီစဉ်ထားသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်မှစတင်ကာ AFC ကလပ်ပြိုင်ပွဲများကို ဥရောပဘောလုံးရာသီအတိုင်း ဩဂုတ်လမှ မေလအထိ ကျင်းပနေသဖြင့် မြန်မာကလပ်အသင်းများ ပြင်ဆင်မှုအဆင်ပြေစေရန် မြန်မာနေရှင်နယ်လိဂ်ကလည်း လာမည့်နှစ်မှစတင်ကာ ဘောလုံးရာသီ ပြောင်းလဲရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် ဘောလုံးရာသီကျင်းပမည့်ကာလ ပြောင်းလဲရန် စီစဉ်ထားသဖြင့် ကလပ်အသင်းများ ပြိုင်ပွဲမပြတ်စေရန် MNL League Cup ပြိုင်ပွဲကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် လိဂ်ပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှသာ စတင်ကျင်းပမည်ဖြစ်ရာ ယခုကျင်းပရန် စီစဉ်ထားသည့် MNL League Cup ပြိုင်ပွဲကို လိဂ်ပြိုင်ပွဲများမစတင်မီ ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ၂၀၀၉ ခုနှစ်တွင် ပရိုစနစ်ကူးပြောင်းပြီးနောက် လိဂ်ပြိုင်ပွဲအပြင် ဖလားပြိုင်ပွဲများအဖြစ် MNL Cup ပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲများ ကျင်းပခဲ့ဖူးပြီး MNL League Cup ပြိုင်ပွဲအမည်ဖြင့် လာမည့်နှစ်မှ ပထမဆုံး ကျင်းပခြင်းဖြစ်သည်။

MNL League Cup ပြိုင်ပွဲကို MNL ကလပ်အသင်းများအပြင် MNL-2 ကလပ်အသင်းများလည်း ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ဒီဇင်ဘာလတွင် ပြီးဆုံးမည်ဖြစ်ပြီး အခြားလိဂ်ပြိုင်ပွဲများမှာ ပြီးဆုံးသွားပြီဖြစ်သည်။ **ရဲရင့်လွင်**

# လာလီဂါပွဲစဉ် (၁၃) တွင် ဗီလာရီးရဲကို အက်သလက်တီကိုမက်ဒရစ်အသင်း ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါ ပွဲစဉ် (၁၃) မှ နိုဝင်ဘာ ၁၃ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အက်သလက်တီကိုမက်ဒရစ်နှင့် ဗီလာရီးရဲ အသင်း ပွဲစဉ်တွင် အက်သလက်တီကိုအသင်းက တိုက်စစ်ခြေစွမ်းပြပြီး သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗီလာရီးရဲအသင်းသည် အက်သလက်တီကိုအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၁၁ ကြိမ်တွင် ဂိုးပေါက် တည့်မတ်မှု ခုနစ်ကြိမ်အထိရှိခဲ့သော်လည်း တစ်ကြိမ်သာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းအတွက် သွင်းဂိုးများကို ဝစ်ဆဲလ်၊ ဂရစ်ဇ်မန်းနှင့် လီနိုတို့က သွင်းယူပေးခဲ့သည်။ ပြိုင်ဘက် ဗီလာရီးရဲအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို မိုရီနိုက သွင်းယူပေးခဲ့သည်။

လာလီဂါ ပွဲစဉ် (၁၃) မှ နိုဝင်ဘာ ၁၃ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဆီဗီလာနှင့် ဘက်တစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်၌ ပွဲချိန် ၁၅ မိနစ်တွင် ဘက်တစ်အသင်းမှ ဘယ်လာရင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခံခဲ့ရသည့်အတွက် နစ်နာခဲ့ရသည်။

**အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသနှင့်ကိုက်ညီသောသီးနှံများကို အဓိကထားပြီး စိုက်ပျိုးသွားနိုင်ရန်လိုအပ်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ပျိုးမြေများနှင့် အခြားစိုက်ပျိုးမြေများပေါ်တွင် သီးထပ်သီးနှံအပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါးရိတ်သိမ်းပြီးဖြစ်၍ သီးထပ်သီးနှံစိုက်ပျိုးရေးစီမံအုပ်ချုပ်ရေးအဖွဲ့များ၊ စိုက်ပျိုးရေးအဖွဲ့များ၊ မြေစာရင်းနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး သီးထပ်ကေတိုးနိုင်သမျှတိုး၍ စိုက်ပျိုးကြရန်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဌာနဆိုင်ရာများဖြစ်သည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက သီးထပ်သီးနှံအပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအရ စိုက်ပျိုးရာသီအလိုက်သီးနှံများ အထွက်နှုန်းတိုးရေး၊ ဒေသနှင့်ကိုက်ညီသော သီးနှံများကို အဓိကထားပြီး သီးထပ်အပြည့်အဝ စိုက်ပျိုးသွားနိုင်ရေးတို့အတွက်



လိုအပ်ချက်များကို ယခုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး ခရိုင်/မြို့နယ်များနှင့် အောက်ခြေအဆင့်ဆင့်အထိ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၃**

အရေးပေါ် ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းဆိုင်ရာသင်တန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ (မင်္ဂလာဒုံ)မှ တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ အရိုးရောဂါအထူးကု တပ်မှူး ဗိုလ်မှူးချုပ်ကျော်ဇင်ညွန့်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး လက်အောက်ရှိ ဆေးဝန်ထမ်းအရာရှိများနှင့် နည်းပြများ၊ အထူးခွဲစိတ်၊ ခွဲစိတ်ကုသ၊ အထွေထွေရောဂါခွဲစိတ်နှင့် သူနာပြုအုပ်ရုံးမှ အရာရှိများ၊ နှလုံးအထူးကြပ်မတ်၊ ဦးနှောက်နှင့် အာရုံကြောနှင့် အရေးပေါ်လူနာကုသမှုဌာနမှ အရာရှိများ၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးရုံးများမှ အရာရှိများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ Myanmar Trillion Group ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ (မင်္ဂလာဒုံ) တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်က အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဆေးဝန်ထမ်းအရာရှိများနှင့် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား နှုတ်ဆက်အားပေးသည်။

ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းတွင် နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၄၀ တက်ရောက်ကာ နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၄ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တပတ် ၁၂ ပတ်ကြာ ဘာသာရပ်ပေါင်း ၂၀ ကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများ၌ ထိခိုက်ဒဏ်ရာရရှိသူ လူနာအမျိုးမျိုးအား ကူညီကယ်ဆယ် ပြုစုစောင့်ရှောက်ရာ၌ အရေးပေါ် ဆေးအကာအကွယ်ပေးနိုင်သော သင်ခန်းစာများကို စာတွေ့နှင့် လက်တွေ့ပိုင်းဆိုင်ရာများဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်းဦး**

## အထူးကုဆရာဝန်ကြီးများပါဝင်သော အခမဲ့ဆေးကုသရေးအဖွဲ့ မြို့သစ်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**မြို့သစ် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရန်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အခမဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မြို့သစ်ပြည်သူ့ဆေးရုံသို့ နိုဝင်ဘာ ၁၁ ရက်က ရောက်ရှိပြီး အခမဲ့ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ရာနေရာသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ တက်ရောက် အားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထူးကုဆရာဝန်ကြီးများ၏ ဌာနအလိုက် ဆေးကုသမှုများ၊ ဆေးကုသရန် လာရောက်သည့် ပြည်သူများအား နှုတ်ဆက် အားပေးစကားပြောကြားကာ မြို့သစ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသလျက်ရှိသည့် လူနာ ၂၄ ဦးအား တစ်ဦးလျှင် ကြက်ဥ ငါးလုံး၊ ကွေကာအုပ်ငါးထုပ်၊ ငွေကျပ် ၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။



အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသမှုခရီးစဉ်တွင် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ အထူးကု ဆရာဝန်ကြီး ၁၄ ဦး၊ သူနာပြု ခြောက်ဦးတို့သည် မြို့သစ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှု ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေရောဂါလူနာ ၁၇၉ ဦး၊ ခွဲစိတ်လူနာ ၂၄ ဦး၊ သားဖွားမီးယပ်လူနာ ၄၅ ဦး၊ ကလေးလူနာ ၃၅ ဦး၊ မျက်စိရောဂါလူနာ ၁၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၆၂ ဦး၊ အရိုးရောဂါလူနာ ၁၅၅ ဦး စုစုပေါင်းလူနာ ၆၃၂ဦးတို့ကိုကြည့်ရှုကုသပေးခဲ့ပြီး လူနာ ၅၂ ဦးအား မကွေးတိုင်းဒေသကြီး ဆေးရုံကြီးတွင် စနစ်တကျ ဆေးကုသမှုပေးနိုင်ရန် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

## ဖျာပုံခရိုင်၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးစေရေးနှင့် နိုင်ငံတော်၏ အားထားရသော အားကစားသမားကောင်းများနှင့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖျာပုံခရိုင် လေးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ဖျာပုံမြို့ ပြည်သူ့အားကစားခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ဖျာပုံခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက် (၁၈) နှစ်နှင့်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လေးမြို့နယ် (၁၈)နှစ်နှင့်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပရာ ဘိုကလေးမြို့နယ်အသင်းနှင့် ဒေးဒရဲမြို့နယ်အသင်း၊ ဖျာပုံမြို့နယ်အသင်းနှင့် ကျိုက်လတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ဖျာပုံခရိုင် လေးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုးဖြစ်သော (ဘောလုံး၊ ဘော်လီဘော၊



ပြေးခုန်ပစ်၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော) စသည့် အားကစားနည်းများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၅၅ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# အမျိုးသမီးငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် မိုးအထည်ချုပ်လုပ်ငန်း

❖ တွေ့ဆုံမေးမြန်း- ရွှေမြဝတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အဓိကထား ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ MSME စက်မှုလုပ်ငန်းများကို အားပေးကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ် မြဝတီခရိုင်အတွင်း၌လည်း ယခုနှစ် အောက်တိုဘာလအထိ မှတ်ပုံတင်ပြီး အငယ်စားစီးပွားရေးလုပ်ငန်း ၁၇၃ ခုနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၂၁ ခု စုစုပေါင်း ၁၉၄ ခုရှိရာ ယင်းတို့အနက် ကရင်ပြည်နယ် မြဝတီခရိုင် အမှတ်(၃) ရပ်ကွက် ကြံခင်းလမ်းရှိ မိုးအထည်ချုပ်လုပ်ငန်းမှ ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို ပြည်သူများ သိရှိစေရန် အထည်ချုပ်လုပ်ငန်းတည်ထောင်သူ ဒေါ်ခင်မိုးဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။



မိုးအထည်ချုပ်လုပ်ငန်းတွင် မော်တာစက်ချုပ်အလုပ် လုပ်ကိုင်နေသည့် အမျိုးသမီးငယ်များ။

မေး ။ ။ မိုးအထည်ချုပ်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို သိပါရစေ။

ဖြေ ။ ။ မိုးအထည်ချုပ်လုပ်ငန်းကို ၂၀၁၅ ခုနှစ်မှစပြီး မြဝတီမြို့နယ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ ကိုယ်တိုင် အထည်အလိပ်များကို စိတ်ကြိုက်မှာယူပြီး ဒီဇိုင်းဖော်ချုပ်လုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူးပါတယ်။

မေး။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဘယ်လိုအထည်အလိပ်တွေကို ကိုယ်တိုင်ချုပ်ပြီး ဘယ်ဒေသတွေကို ဖြန့်ဖြူးရောင်းချပေးပါသလဲ။

ဖြေ ။ ။ ကျွန်မအနေနဲ့ တိုင်းရင်းသားရိုးရာအထည်တွေကို ကိုယ်တိုင်ဒီဇိုင်း(Pattern)ထုတ်ပြီး နမူနာချုပ်လုပ်ပြီး အော်ဒါတင်ပါတယ်။ အော်ဒါရရှိတာနဲ့ မြန်မာတစ်ပြည်လုံး ပို့ဆောင်ပေးပါတယ်။

မေး ။ ။ ဘယ်လိုချည်ထည်အမျိုးအစားတွေ၊ ဒီဇိုင်းမျိုးတွေ ချုပ်ပြီး ဖြန့်ချိပေးပါသလဲ။

ဖြေ ။ ။ အင်္ကျီဒီဇိုင်းပေါ်မှာ မူတည်ပါတယ်။ မြန်မာချိတ်အဆင်တွေဆိုရင် ရင်ဖုံး သို့မဟုတ် ရင်စေ့ ရိုးရှင်းပြီး ဝတ်သူတိုင်း အမြင်မှာလှနေစေဖို့အတွက် ဒီဇိုင်းဖော်ပြီးချုပ်ပါတယ်။ ဥပမာ သင်္ကြန်ကာလအတွက်ဆိုရင် သင်္ကြန်ဆင်နဲ့လိုက်ဖက်မယ့် အရောင်တွေ၊ လူငယ်ဆန်ဆန်ချုပ်ပုံလေးတွေ ထုတ်ပါတယ်။

မေး ။ ။ လိုအပ်တဲ့ချည်ထည်တွေကို ဘယ်ဒေသကနေ အများဆုံး မှာယူပါသလဲ၊ တစ်နေ့ချုပ်ထည်အနေနဲ့ရော အရေအတွက် ဘယ်လောက်အထိ ထုတ်လုပ်နိုင်ပါသလဲ။

ဖြေ ။ ။ မန္တလေးမြို့က အများဆုံးမှာယူဖြစ်ပါတယ်။ မိမိကြိုက်တဲ့ဒီဇိုင်းဆင်တွေမေးပြီး မှာယူပါတယ်။ အလုပ်သမားအင်အားအနေနဲ့ကတော့ ကတ်တင်ပိုင်း၊ ချုပ်ထည်ပိုင်းနဲ့ အကူဝန်ထမ်း စုစုပေါင်း ၃၀ ရှိပါတယ်။ တစ်နေ့ထွက်ရှိမှုနှုန်းကတော့ အနည်းဆုံး အထည် ၁၀၀ ခန့် ထွက်ရှိပါတယ်။ ဝန်ထမ်းတွေက အထည်ထွက်နိုင်အောင် ကြိုးစားလုပ်ကိုင်ကြပါတယ်။

မေး ။ ။ အလုပ်သမားတွေရဲ့ အခြေခံလစာနဲ့ အမြင့်ဆုံးလစာ သတ်မှတ်ချက် ဘယ်လိုဆောင်ရွက်ပေးပါသလဲ၊ အခြားဒေသမှ လာရောက်လုပ်ကိုင်သူတွေရော ရှိပါသလား။



ဖြေ ။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့အကူဝန်ထမ်းအတွက် တစ်လကို ကျပ်တစ်သိန်းရှစ်သောင်းပေးပြီး သီးသန့်မုန့်ဖိုး ထပ်ဆောင်းပေးပါတယ်။ အခြေခံလစာကတော့ ကျပ်နှစ်သိန်းဖြစ်ပါတယ်။ မြဝတီဒေသခံ အလုပ်သမားတွေက နေ့ဘက်အလုပ်ဆင်း ညဘက်ပြန်ပါတယ်၊ အခြားဒေသ ဥပမာ ပဲခူးတိုင်းဒေသကြီးမှ လာရောက်သူတွေအတွက်ကတော့ အဆောင်စီစဉ်ပေးထားပါတယ်။

မေး ။ ။ ဝန်ထမ်းတွေအတွက် အခွင့်အရေး၊ ကျန်းမာရေးအစ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။

ဖြေ ။ ။ ကျွန်မအနေနဲ့ လာရောက်လုပ်ကိုင်တဲ့သူတွေအတွက် ပညာလည်းရ၊ ဝင်ငွေလည်းရတဲ့ Cash for Work မှသာ ဝန်ထမ်းတွေ အဆင်ပြေမှာပါ၊ ကျန်းမာရေးအနေနဲ့ကတော့ နယ်ဝေးက လာရောက်သူအပြင် ဒေသခံဝန်ထမ်းတွေကိုပါ အစစအရာရာ ဂရုစိုက်ပေးရပါတယ်။

မေး ။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဒီဇိုင်းအသစ်ရေးဆွဲနိုင်ဖို့ တစ်ဆင့်မြင့် ဒီဇိုင်းသင်တန်းတွေ ဖွင့်လှစ်သင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတာရောရှိပါသလား။

ဖြေ ။ ။ လတ်တလောအနေနဲ့ကတော့ ဝန်ထမ်းတွေကို Pattern ထုတ်ပြီး သင်ကြားဖို့ အချိန်မပေးနိုင်သေးတာကြောင့် သီးသန့်သင်ကြားမှု မဆောင်ရွက်နိုင်သေးပါဘူး၊ အခုဝန်ထမ်းတွေက အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေတဲ့အတွက်ကြောင့် တိုးတက်မှုအနေနဲ့ အထည်အပိုင်းလိုက် ချုပ်တတ်ရုံမက တစ်ထည်လုံး ချုပ်တတ်ပါတယ်။

မေး ။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ ဝန်ထမ်းတွေအတွက် ကိုယ်ပိုင်လုပ်ငန်း ထူထောင်ဖို့အတွက် အစီအစဉ်ရှိရင် သိချင်ပါတယ်။

ဖြေ ။ ။ အစီအစဉ်က ရှိပါတယ်။ ဝန်ထမ်းတွေကို အမြဲအားပေးပါတယ်။ ခေါင်းဆောင်တစ်ဦးအနေနဲ့ ဝန်ထမ်းတွေထဲကမှ ကြိုးစားသူအတွက်ကတော့ အခွင့်အရေးရှိမှာပါ။

မေး ။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးအောင်မြင်မှုမှသည် နောက်ထပ် တိုးချဲ့ဆောင်ရွက်ဖို့ ရှိပါသလား။ အခုချုပ်ထည်တွေ ဖြန့်ဖြူးရောင်းချရာမှာ ပင်ရင်းဈေးရောင်းချမှုကို သိချင်ပါတယ်။

ဖြေ ။ ။ ရန်ကုန်မြို့မှာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်လည်းရှိပါတယ်။ အထည် လက်ကားဖြန့်ဖြူးဈေးကတော့ အစားစားရှိပါတယ်။ ဝယ်ယူတဲ့ဈေးနှုန်းအပေါ်မူတည်ပြီး အများပြည်သူဝယ်ယူနိုင်တဲ့ဈေးနဲ့ ရောင်းချပေးပါတယ်။ အထည်အမျိုးအစားအလိုက် တစ်သောင်းအောက်နဲ့ တစ်သောင်းအထက် ရှိပါတယ်။

မေး ။ ။ နိုင်ငံတော်က အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တစ်ပိုင်တစ်နိုင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိသလို မိမိဒေသခံ ပြည်သူတွေ လူမှုစီးပွားဘဝ မြင့်မားဖို့အတွက် နောက်ထပ်ဆောင်ရွက်ပေးဖို့ အစီအစဉ်များရှိပါသလား။

ဖြေ ။ ။ မိုးအထည်ချုပ်လုပ်ငန်းအနေနဲ့ လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ တိုက်တွန်းအားပေးစကားအနေနဲ့ အမျိုးသမီးငယ်လေးတွေ မိမိဝါသနာပါရာ စက်ချုပ်လုပ်ငန်းကို ကောင်းစွာသင်ယူပြီး ကိုယ်တိုင်တီထွင်ကြံဆလုပ်ကိုင်ရင် အလုပ်လက်မဲ့သူ မရှိနိုင်ပါဘူး။ မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှတိုးပွားပြီး စားဝတ်နေရေးအဆင်ပြေလာရင် လူမှုစီးပွားဘဝ လှပသာယာလာမှာဖြစ်ပါတယ်။ ။

# ပိုင်ကျုံမြို့၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်များပြသ

**ပိုင်ကျုံ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ လူထုအခြေပြုဗဟိုဌာန၌ အပူဒဏ်ကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို ကျောင်းသား လူငယ်များ အသိပညာ ဗဟုသုတ ပိုမိုရရှိစေရန်အတွက် နံရံကပ်စာစောင်ပြပွဲနှင့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နှော်ခူးခူးက လူငယ်များ သိသင့်သိထိုက်သည့် ကမ္ဘာကြီးပူနွေးလာရခြင်း၏အကြောင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ၊ အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လုပ်ဆောင်သင့်သည့် ဆောင်ရန် ရှောင်ရန်အချက်များကို ဟောပြောပြီး အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သော အသိပညာပေးစာစောင်များကို ကျောင်းသားလူငယ်များအား ပြသသည်။

ပိုင်ကျုံမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား လူငယ်များနှင့်ဒေသနေပြည်သူများ အသိပညာဗဟုသုတရရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ၊ စာအုပ် စာစောင်ပြပွဲများ၊ ပြိုင်ပွဲများနှင့် အသိပညာပေး(Talk Show) ဆွေးနွေးပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၌ အငွေမအကြိမ် အင်းသားအမျိုးသားနေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

**အဌမအကြိမ် အင်းသားအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ ကျောက်တိုင်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် ဒေသခံအင်းတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။**



ဦးစွာ သဘာပတိနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ထို့နောက် ဖောင်တော်ပြန်ဆိပ် အင်းလေးကန်အတွင်း အင်းသားရိုးရာ ရာကျော်လှေ ၁၄ စင်း၊ ၄၆ တပ်လှေ ခြောက်စင်းတို့ဖြင့် ဒေသခံတိုင်းရင်းသား/ တိုင်းရင်းသူများ ချီတက်လှော်ခတ်လာနေမှုကို ပြည်နယ်ဝန်ကြီး ချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးကြသည်။ ယင်းနောက် အခြေခံပညာ အထက်တန်းကျောင်း(ဟဲယာရွာမ) ကျောင်းသား ကျောင်းသူများက အင်းသားတိုင်းရင်းသားရိုးရာ အကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဌမအကြိမ် အင်းသား အမျိုးသားနေ့အတွက် အလှူငွေပေးအပ်ပြီး ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသ စာရီကြွချီမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများချီးမြှင့် ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် အဌမအကြိမ် အင်းသားအမျိုးသားနေ့သို့ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး အင်းအိုးစည်ကြီးအကဖြင့် ဖျော်ဖြေကာ အခမ်းအနား ကို ပိတ်သိမ်းလိုက်သည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာ ကြသူများက အဆိုပါကွင်း၌ ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ အင်းသားရိုးရာနှင့် စားသောက် ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှု အားပေး(**အပေါ်ပုံ**)ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆောင်းဆီထွက်သီးနှံစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

မန္တလေး နိုဝင်ဘာ ၁၃



မန္တလေးတိုင်းဒေသကြီး အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် ဆောင်း ဆီထွက်သီးနှံ စီမံကိန်းလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေး ခန်းမ၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုး အောင်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ တိုင်းဒေသကြီး စိုက်ပျိုး မွေးမြူရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝယ်ယူကြိုတ်ခွဲအဖွဲ့တွင် ပါဝင်သည့် လုပ်ငန်းရှင်များ၊ တိုင်းဒေသ ကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်မှ စားရေရိက္ခာဖူလုံရေး၊ ပြည်ပမှ တင်သွင်းနေရသော ဆီနှင့် ဆီထွက်ပစ္စည်းများ အစားထိုးရန်နှင့် ပိုလျှံသော အရည်အသွေးကောင်းထုတ်ကုန်များကို ပြည်ပ ပို့ကုန်အဖြစ် တိုးမြှင့်နိုင်ရေး အတွက် မူဝါဒများနှင့်အညီ စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ကာ အလေးထား ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီးတစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အရင်းမပျောက်မတည်ငွေအဖြစ် လည်ပတ်နေမည်ဖြစ်ပြီး တောင်သူများနှင့် လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းသည့် စီမံကိန်းဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များအပေါ် တာဝန်ယူမှုတာဝန်ခံမှု အပြည့်ဖြင့် စနစ်တကျ ကြပ်မတ်ကာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်၊ ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် ဌာနဆိုင်ရာအဖွဲ့အစည်းများသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးမင်းက ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း စိုက်ပျိုးဧက ၄၈၆၁၈ ဧကအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သန်းပေါင်း ၁၂ ဒသမ ၁၉၁ ဘီလီယံဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်၊ စီမံကိန်းများ ဆောင်ရွက်မှုအပေါ် ရရှိလာသော အကျိုးကျေးဇူးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းကြီးကြပ်စီမံခန့်ခွဲမှု ကော်မတီမှ အတည်ပြုထားသည့် ရန်ပုံငွေစီမံခန့်ခွဲမှုစီမံချက်အတိုင်း လိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်ထားသည့် ဝန်ဆောင်မှုစရိတ်နှင့် ရယူထားသော ရန်ပုံငွေများကို အချိန်မီ ပြန်ဆပ်နိုင်ရေး တို့အား ကြပ်မတ်စွာ ဆောင်ရွက်သွားရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိ မြန်ဆန်ချောမွေ့စေရေး ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌနှင့် တက်ရောက်လာသည့် လုပ်ငန်းရှင်များက လုပ်ငန်းများလည်ပတ်နေမှု၊ ကြုံတွေ့နေရသည့်အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပမည်ဖြစ်သည်။ ဂျပန်အသင်းနှင့်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အသင်းတွင် **ဂိုးသမား** - ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ဇင်ညီညီအောင် (ဒဂုံစတား)၊ **နောက်တန်း**- နန္ဒကျော်၊ ရဲမင်းသူ၊ ဖွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ လတ်ဝေဘုန်း (ရောဝတီ)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း-ကမ္ဘောဒီးယား)၊ **အလယ်တန်း**- ဝေလင်းအောင်၊ ဆွမ်လမန် (ဒဂုံစတား)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ **ရှေ့တန်း**- အောင်သူ (အူထိုင်းထာနီ-ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို-အင်ဒိုနီးရှား)၊ သန်းပိုင်(ချင်းမိုင်ယူနိုက်တက်-ထိုင်း) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ပထမအဆင့် ခြေစစ်ပွဲကစားခဲ့သည့် ကစားသမားအများစု ပါဝင်လာပြီး ကစားသမားအချို့ ပထမဆုံးရွေးချယ်ခံခဲ့ရသည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

# မအူပင်မြို့တွင် MCCT အစီအစဉ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ကြေးဖြန့်ဝေပြီး အခြေအနေလေ့လာမှုစစ်တမ်းကောက်ယူမှု ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**မအူပင် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် MCCT အစီအစဉ်အခြေအနေလေ့လာမှုစစ်တမ်း (Post Distribution Monitoring – PDM) ကောက်ယူမှုရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး မအူပင်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းဝင်းအေးက မအူပင်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ် (MCCT)နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ကြေးဖြန့်ဝေပြီးမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍နေပြည်တော်(ရုံးချုပ်)လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖူးငုံလှိုင်က MCCT ၏ အဓိကအပိုင်းနှစ်ပိုင်းနှင့် သတ်မှတ်ချက်များအား ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးသက်က ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

(၂၀၂၃)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့

(၁၄-၁၁-၂၀၂၃)

"ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့ ကိုယ်တိုင်သိရှိဆင်ခြင်စို့"

"Know your risk, Know your response"

## ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်မှ ၂၀၂၄ ခုနှစ်၊ မေလ(၁၅)ရက်အထိ ကာလကို ရေနည်းကာလအဖြစ် သတ်မှတ်၍ ရေကြောင်းနယ်မြေအလိုက် အောက်ပါအတိုင်း ရေယာဉ်များ၏ ဝန်တင်ရေစူးကို ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။



## (၂၇) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

(၂၇) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားရုံ(နဝဒေး)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၂၇) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝူရှူးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် နိုဝင်ဘာ ၁၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် ကျင်သီကျေးရွာမှ အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကူညီထောက်ပံ့

**သီပေါ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာမှ ထိခိုက်ခံစားရသူ အိမ်ထောင်စုများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စား မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှ၊ မြို့နယ် ကြက်ခြေနီတပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲ ၂ နာရီက ကျင်သီကျေးရွာသို့ သွားရောက်ပြီး တာပေါ်လင်စ၊ လက်သမားသုံးပစ္စည်း၊ မိသားစုသုံး သန့်စင်ရေးပစ္စည်း၊ စောင်၊ ခြင်ထောင်၊ လုံချည်၊ ပုဆိုး၊ လက်နှိပ်ဓာတ်မီးနှင့် အမျိုးသမီးသုံးပစ္စည်းများကို သွားရောက်ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်း(သီပေါ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| စာတည်း | | |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၁၆၀ | ၁၃၇၇၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၄၃၈ | ၁၂၇၀၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၂၂၈ | ၃၇၃၇၅၀ |
| TMH | ၂၄၀၀ | ၂၄၅၀ | ၁၀၂ | ၂၄၉၈၅၀ |
| EFR | ၂၀၅၀ | ၂၀၅၀ | ၅၈၀ | ၁၁၈၉၀၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၃၀ | ၁၄၄၆၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၁၂၀၀ | ၂၀၄၀၇၀၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Ye Htut" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မြို့သစ်ရပ်ကွက်နေ ရဲထွဋ်အား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ "သားသား" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကသဲကျေးရွာနေ သဥ္ဇာဦး(ခ)မီးမီးအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "@zinwar" TikTok အကောင့်နှင့် "Koe Koe May" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဇင်ဝါနုအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Wai Yan Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၅) ရပ်ကွက်နေ ဝေယံထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ "Sandi Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဈေးချိုကျေးရွာနေ သင်းစန္ဒီအား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် BDPP Film ၈၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၁၆၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် CHENGLONG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်တွင် ပဲခူးခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၈၃ တန်၊ သစ်မာ ၀ ဒသမ ၈၆၇ တန်နှင့် အခြားသစ် ၁ ဒသမ ၅၇၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၄၉၂ ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သံဖြူဇရပ်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါ ၅၁၆ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၁၉၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင် အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၂၂တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၈၂၅၃၂ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင် တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Monstar LED မီးသီး ၃၁၁၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၈၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ နှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ထားဝယ်မြို့မှ ရန်ကုန်မြို့ သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် KUKURU ဒိန်ချဉ်ဘူး ၁၄၄၀၊ မီးသွေးအိတ် ၁၇၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၂၂၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် Mitsubishi Fuso Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၆၅၅၇၂၂၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု

ထို့ပြင် နိုဝင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Koroda မော်တော်ဆိုင်ကယ် တစ်စီးနှင့် Scoopyi မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ကြိတ်သား ၂၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင် မရှိသည့် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၆၀၀၀၊ ပလတ်စတစ်ရေပုံး ၉၈၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၈၂၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၆၈၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၈၉၉၂၂၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၁၃

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

ကွန်ဟိန်း နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ်တွင် ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင် ပြည်သူများအား စစ်ဗျူဟာအခြေချ (ကွန်ဟိန်း)က စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင် ပြည်သူ ၁၂၀ အား စားသောက်ဖွယ်ရာများ ပေးအပ်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုနိုင်နှင့် တာဝန်ရှိသူများက ထမင်းဘူးနှင့် ရေသန့်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်ဆည်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ၌ ဒီပလိုမာသင်တန်းပညာရေးအကြောင်း ရှင်းလင်းဆွေးနွေး

**ကျောက်ဆည် နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ အစိုးရစက်မှုလက်မှုသိပ္ပံ ဒီပလိုမာသင်တန်းပညာရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် ပညာရေးညီလာခံဆွေးနွေးမှု ရလဒ်များအရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်



ရေးလုပ်ငန်းအစီအစဉ်များကို ပြည်သူများ ပိုမိုသိရှိနားလည်လာစေရန် အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များ၊ ဖွင့်လှစ် သင်ကြားပေးသော ဘာသာရပ်များ၊ ကျောင်းတက်စဉ်ရရှိနိုင်မည့် အခွင့်အလမ်းများ၊ ကျောင်းပြီးလျှင် ရရှိနိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မော်ကွန်းထိန်း ဒေါ်မျိုးမျိုးလွင်က အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းဝင်ခွင့်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွဲဖက်ပါမောက္ခ ဒေါ်တင်မိုးဝေနှင့် ကထိကဒေါ်မြရတနာစိန်တို့က ဒီပလိုမာသင်တန်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားပြီး သင်ကြားပေးလျက်ရှိသည့် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ် အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာနှင့် သုတနည်းပညာ ဘာသာရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒီပလိုမာသင်တန်းပညာရေးနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စုစုအေးနွယ်**
**(ကျောက်ဆည်)**

## လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာ ရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။**

### ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဘုတ်ပြင်းမြို့ အောင်မင်္ဂလာ မူလတန်းလွန်ကျောင်း၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ မြို့နယ်အားကစားမှူး စောကျော်စိုးမိုးက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပညာရေးအပြင် အားကစားကဏ္ဍ အထူးလေ့လာလိုက်စားစေလိုကြောင်း၊ လာမည့်ရက်များတွင် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန်းဆင့်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက လူငယ်များ ဘက်စုံဖွံ့ဖြိုးပြီး အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များတွင် အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာပေများနှင့် သုတရသစာအုပ်စာစောင်များကို အခမဲ့လာရောက်ဖတ်ရှုပြီး ငှားရမ်းနိုင်ကြောင်းတို့ကို ဟောပြော၍ လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လူငယ်ရေးရာကော်မတီနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာအသိပညာပေး ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပ သည်။

ဆွေးနွေးပွဲတွင် မြို့နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှဦးမျိုးမင်း၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစောတင်ထွန်းဦးနှင့် ဌာနဆိုင်ရာများ၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဗဟိုအဆင့်ပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒေါ်မေသူဝင်း၊ ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မောင်ဆန်းသူအောင်နှင့် မောင်ကောင်းပြည့်စုံတို့က "မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" အကြောင်းကို ဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေးမှုများကို ဆိုရှယ်မီဒီယာများဖြစ်သည့် မဟိယင်္ဂရဋ္ဌတိုင်း Facebook Page၊ မိုင်းယောင်းသတင်း၊ ရွှေမိုင်းယောင်းသတင်းနှင့် မိုင်းယောင်းသတင်းအေဂျင်စီ Facebook Account များ၊ Youtube ၊ Telegram၊ Bigo Live၊ Tik Tok ၊ Okpar၊ Threads နှင့် Instagram တို့တွင် လွှင့်တင်ထားကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**



### ကာလိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ထင်ထင်ကျော်က ကာလိမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန်အတွက် သုတ၊ ရသစာအုပ်စာပေများကို လေ့လာဖတ်ရှုရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ စာကြည့်တိုက်ကို အသုံးချတတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးနေမှုများနှင့် လူငယ်များ၏ တန်ဖိုးနှင့် အလိမ္မာကိုယ်မှာရှိ ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး နံရံကပ်စာစောင်များကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့နယ် သစ်တောဦးစီးဌာန၌ ပျိုးဥယျာဉ်နှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သင်တန်းဖွင့်

**မုံရွာ နိုဝင်ဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မုံရွာ-ယင်းမာပင်ခရိုင်အတွင်းရှိ တောကြပ်၊ တောခေါင်းအဆင့် ဝန်ထမ်းများအား ပျိုးဥယျာဉ်နှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းသင်တန်းအမှတ်စဉ်(၁)ကို မုံရွာမြို့နယ် သစ်တောဦးစီးဌာန (MRRP) သင်တန်းခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ဖွင့်လှစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဒေသစိမ်းလမ်းစိုပြည်ရေးကို အထောက်အကူပြုစေရေး၊ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေရေး၊ ကျွမ်းကျင်ဝန်ထမ်းများ ထွက်ပေါ်လာစေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်၍ သစ်တောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန်လည်အသုံးချတတ်စေရန်တို့အတွက် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဦး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ပြီး ညွှန်ကြားရေးမှူးက အမှာစကားပြောကြား၍ သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁)တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့နယ်အဆင့် မိတ်ဖက်ဌာနများမှ တောကြပ်၊ တောခေါင်းဝန်ထမ်း ၁၅ ဦးအား သင်တန်းနည်းပြဆရာများက ပျိုးဥယျာဉ်တည်နေရာ ရွေးချယ်ခြင်းနှင့် သစ်မျိုးရွေးချယ်ခြင်း၊ စိုက်ခင်းသဘောတရားများ၊ သစ်စေ့စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်း လုပ်ငန်းစဉ်များ၊ ပျိုးဥယျာဉ် တည်ထောင်ခြင်းနှင့် Hardening Process၊ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များနှင့် ပြုစုထိန်းသိမ်းရေး နည်းစနစ်များ၊ စိုက်ခင်းမှတ်တမ်း ရေးသွင်းခြင်း၊ ပျိုးအိတ်ဝင်ဆံ့မှု တွက်ချက်၍ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ လက်တွေ့



ဆောင်ရွက်ခြင်း၊ သစ်စေ့ထုတ် ဇရိယာတည်ထောင်ခြင်း၊ အပင်ရောဂါ ပိုးမွှားကာကွယ်ခြင်း၊ မြေအမျိုးအစား ခွဲခြားခြင်း၊ ဒိုချက်ကင် သဘာဝမြေသြဇာ ပြုလုပ်နည်း စသည့်ဘာသာရပ်များကို နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(က-၁/ ၁၆)၊ မနော်ဟရီလမ်း၊ ၇၁x၇၂ လမ်းတွင် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး၊ အဲယားကွန်းရောင်းဝယ်ခြင်း၊ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်သူ ဦးအုပ်စိုးသန်း(ဘ) ဦးရွှေအုပ် ၅/ရဘန(နိုင်) ဝ၅၈၉၇၄သည် ပူးတွဲဖော်ပါရှိသည့် " Mr. Mandalay Myanmar" ဟူသော အမှတ်တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ် (၃၅၂၉/၂၀၂၃)ဖြင့် မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ကြေညာစာတမ်း ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

Mr. Mandalay Myanmar
Electronics, Sale & Service

ယင်းအမှတ်တံဆိပ်အား အသုံးပြု၍ လျှပ်စစ်ပစ္စည်းရောင်းဝယ်ခြင်း၊ အဲယားကွန်းပြုပြင်တပ်ဆင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများအတွက် TV Channelများတွင် လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ်၊ Internet Facebook, Website များတွင် လည်းကောင်း၊ စီးပွားရေးဂျာနယ်မဂ္ဂဇင်းများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ထုတ်ပိုးပစ္စည်းများအစရှိသည့်တို့တွင်လည်းကောင်း ထည့်သွင်းကြေညာ၍ မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအုပ်စိုးသန်းအသုံးပြုလျက်ရှိသောဖော်ပြပါအမှတ်တံဆိပ်ကိုဦးအုပ်စိုးသန်းမှတစ်ပါးအခြားမည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမှ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင် ထင်မှား တုပပြုလုပ်ခြင်း၊ ပုံစံပြောင်းပြင်ဆင် သုံးစွဲခြင်းတို့ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ယင်းသို့ပြုလုပ်သုံးစွဲပါ ကဦးအုပ်စိုးသန်း၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ ရာဇဝတ်ကြောင်း အရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအုပ်စိုးသန်း**

**ဦးအုပ်စိုးသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နွယ်ဝင်း(LL.B)** | **ဒေါ်ကဥ္စန(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၀၃၈)(၂-၂-၂၀၁၂)** | **(စဉ်-၅၂၈၆၉/၂၀၂၀)** |

**၁၁၅(A)လမ်း၊ ၅၅x၅၆လမ်းကြား၊ မြရည်နန္ဒာမြို့သစ်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၆၉၁၀၆၈၈၄၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၃

| | | |
|---|---|---|
| JB Capital Myanmar Co.,Ltd | နှင့် | ၁။ ဒေါ်မိုးဝင်းလတ် |
| ပြည်ကြီးတံခွန်ရုံးခွဲ | | ၂။ ဦးဖြိုးမောင်မောင်ထွန်း |
| (၎င်း၏ကိုယ်စားတာဝန်ခံ | | ၃။ ဒေါ်အိအိထွန်း |
| မန်နေဂျာ ဒေါ်နှင်းအိန္ဒြာ) | | ၄။ ဒေါ်ခင်သီတာထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ နဒီလမ်း(နဒီတိုက်ခန်း)၊ အကွက်အမှတ်(၄၁၈)၊ ဦးပိုင်(၁၂၀ က + ၁၂၀ ခ)၊ ၃လွှာ၊ ဒုတိယအထပ်၊ တိုက်ခန်း(၁)၊ အခန်းအမှတ်(၃၈)နေ ဒေါ်မိုးဝင်းလတ်(ဘ)ဦးကျော်မိုး (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်(၈၉၄၆၃၂၀၀)(သိန်းရှစ်ရာကိုးဆယ်လေးသိန်း ခြောက်သောင်းသုံးထောင့်နှစ်ရာ)ကျပ်နှင့် နစ်နာကြေးငွေကျပ်(၂၀၀၀၀၀၀၀)(သိန်းနှစ်ရာ) ကျပ် စုစုပေါင်း(၁၀၉၄၆၃၂၀၀) (သိန်းတစ်ထောင့်ကိုးဆယ်လေးသိန်း ခြောက်သောင်းသုံးထောင့်နှစ်ရာ) ကျပ်ရလိုမှု(သို့မဟုတ်) အခန်းအမှတ်(၃၈)၊ တိုက်ခန်း(၁)၊ ဒုတိယထပ်၊ (၃)လွှာ၊ ဦးပိုင်(၁၂၀က+၁၂၀ခ)၊ အကွက်အမှတ်(၄၁၈)၊ နဒီလမ်း(နဒီတိုက်ခန်း)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ရှိ တိုက်ခန်းအား ငွေကျပ်တန်ဖိုးသင့်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပြီး ကျန်ငွေများအား ဆက်လက်ပေးအပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၅ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိ သည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့ နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊တရားမကြီးမှုအမှတ် - ၁၅၈

| | | |
|---|---|---|
| ဦးမင်းချမ်းမွန် | နှင့် | ဒေါ်သန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် ၄၉၉၊ ကျွန်းလုံး ဥသျှောင်ရပ်ကွက်နေ ဒေါ်သန်း(ဘ)ဦးဉာဏ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းချမ်းမွန်က ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက် (၁၃၈၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အားမြစ်ကြီးနားမြို့၊ ဂျန်မိုင်ကောင်းရပ်နေ မထုလွမ် ၁/မကန (နိုင်) ၁၄၁၅၅၁၏လွှဲအပ်ညွှန်ကြားချက်အရ ဦးမင်းသွေး ၁၃/မမတ(နိုင်) ဝ၄၄၁၈၉ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းအနေဖြင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သူ ဖြစ်ကြောင်းသိရှိရပြီး ကျွန်ုပ်၏မိတ်ဆွေမှ မြစ်ကြီးနားမြို့တွင် အလျား ၃၅ပေ၊ အနံ ၂၅ပေ၊ ဧရိယာစတုရန်း ၈၇၅ ပေ အကျယ်အဝန်းရှိ မြေပေါ်တွင် RC တစ်ထပ်တိုက် အဆောက်အအုံအား ကာလတန်ဖိုးငွေ(၅၇၀၀၀၀၀၀)ကျပ်ဖြင့် ဆောက်လုပ်ရန်အတွက် လူကြီးမင်းအား လုပ်ငန်းအပ်နှံခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းအပ်နှံရာတွင် လူကြီးမင်းမှ (၁၈-၁၀-၂၀၂၃)ရက်မှ (၂၅-၁၂-၂၀၂၃)ရက်ထိ ရက်ပေါင်း (၇၀)သတ်မှတ်ပြီးဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ကတိပြုပြီး ကနဦး သိန်း (၄၅၀)ပေးသွင်းရန် လုပ်ငန်း(၈၀)%ပြီးစီးပါက ကျန်ငွေပေးချေရန်ပြောဆို သဖြင့် (၁၁-၁၀-၂၀၂၃)ရက်တွင် လူကြီးမင်းအား ငွေကျပ်သိန်း(၄၅၀)အား ပေးချေ ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

လူကြီးမင်းအနေဖြင့် (၁၈-၁၀-၂၀၂၃)ရက်တွင် လုပ်ငန်းစတင်မည်ဖြစ်ကြောင်း ကတိပြုပြီး ယနေ့အချိန်ထိစတင်ဆောင်ရွက်ခြင်းမရှိသည့်အပြင်၊ အတွေ့မခံဘဲ ရှောင်တိမ်းနေပါသောကြောင့် လူကြီးမင်းမှ အပြီးဆောက်လုပ်ပါမည်ဆိုသည့် (၂၅-၁၂-၂၀၂၃)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေထံ အဆောက်အအုံအပ်နှံနိုင်ရေးအတွက် စတင်ဆောင်ရွက်ပေးပါရန် အသိပေးနှိုးဆော်လိုက်သည်။

ဤသတင်းစာပါမေတ္တာရပ်ခံချက်အပေါ် လူကြီးမင်းမှ မလိုက်နာ၊ မဆောင်ရွက်ပျက်ကွက်ခဲ့ပါလျှင် သက်ဆိုင်ရာ အခွင့်အာဏာပိုင်တရားရုံးတွင် ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမင်းသွေးနှင့်အများသိစေရန် ကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မထုလွမ်** | **ဒေါ်အေးသိင်္ဂီစိုး** |
| **၁/မကန(နိုင်) ၁၄၁၅၅၁** | **အထက်တန်းရှေ့နေ(စဉ်-၅၁၉၁၀)** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/97644 ယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW CO.,LTD သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/1536 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/9553 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်နှင့် အမည် (၆/ပဒေသာ)၊ ဦးပိုင်အမှတ်( ၁၂၉)၊ မြေဧရိယာ ဝ.ဝ၅၅ ဧကရှိ မြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးအောင်သူမှ မြေငှားဂရန် သစ်ထုတ်ပေးပါရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးအောင်သူမှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/02752, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေဇင်ထွန်း ၁၄/ပသန(နိုင်)၁၈၂၁၂၉ မှ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(တိုင်းဒေသကြီးရုံး)**
**ပုသိမ်မြို့**

## ဦးတင်မျိုးထွန်း(၁/မကန(နိုင်)ဝ၉၉၉၆ဝ)နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆ x၂၇လမ်းကြား၊ ၈၆ x၈၇လမ်းကြား၊ အိမ်နံပါတ် (၂၄၆/၃)၊ ငပိတန်းလက်ျာနေ ဦးခင်မောင်သင်း(ဘ)ဦးခင်မောင် ၁၂/ပဘတ(နိုင်)ဝ၂၅ဝ၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်မျိုးထွန်း(ဘ)ဦးမျိုးမြင့်အောင် ၁/မကန(နိုင်)ဝ၉၉၉၆ဝ သည် ဦးခင်မောင်သင်း ၁၂/ပဘတ (နိုင်)ဝ၂၅ဝ၃၈ ၏ ဖိနပ်ဆိုင်ဖြစ်သော ဒေါ်တီနှင့်သားများ ဖိနပ်ဆိုင်တွင် အလုပ်လုပ်ကိုင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ ထိုသို့အလုပ်လုပ်ကိုင်နေရာမှ ဦးခင်မောင်သင်းအား ခွင့်တောင်ခြင်းမရှိဘဲ ၎င်း၏သဘောဖြင့် အလုပ်ထွက်သွားခဲ့သည်မှာ (၁)လကျော်ခန့် ကြာမြင့်ပြီဖြစ်ပါသည်။ ဦးတင်မျိုးထွန်း အလုပ်လုပ်နေစဉ်ကာလအတွင်း ဦးခင်မောင်သင်းသိရှိသဘောတူညီခြင်းမရှိဘဲ ဒေါ်တီနှင့်သားများ ဖိနပ်ဆိုင် အမည်အသုံးပြုကာ ဆောင်ရွက်ချက်များရှိခဲ့ပါသည်။ ထိုကဲ့သို့ ကိစ္စရပ်များအတွက် သတင်းစာကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဦးခင်မောင်သင်းထံသို့ လူကိုယ်တိုင်လာရောက် ဖြေရှင်းပေးရန်နှင့် မဖြေရှင်းပေးပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးတင်မျိုးထွန်း ၁/မကန(နိုင်) ဝ၂၅ဝ၃၈ မှ ဒေါ်တီနှင့်သားများဖိနပ်ဆိုင် တွင် အလုပ်လုပ်ကိုင်ချိန်နှင့် အလုပ်ထွက်သွားပြီးနောက်ပိုင်း ဦးခင်မောင်သင်း သိရှိသဘောတူခြင်းမရှိဘဲ ဦးခင်မောင်သင်း အမည်နှင့် ဒေါ်တီနှင့် သားများ ဖိနပ်ဆိုင် အမည်အသုံးပြုပြီး ဆောင်ရွက်ခဲ့သည့် ကိစ္စအရပ်ရပ်များသည် ဦးခင်မောင်သင်း ဒေါ်တီနှင့်သားများဖိနပ်ဆိုင်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိသကဲ့သို့ ဦးတင်မျိုးထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများကိုလည်း ဦးခင်မောင်သင်းမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးခင်မောင်သင်း(ဘ)ဦးခင်မောင်** | **ဦးငြိမ်းချမ်းမောင် LL.B** |
| **၁၂/ပဘတ(နိုင်)ဝ၂၅ဝ၃၈** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၂၀၅/၂၇-၁၂-၂၀၁၈)** |
| | **အမှတ် D5၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း** |
| | **၃၃x၃၄လမ်းကြား၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၉၇၀၄၈၈၅၀၄၊ ၀၉-၂၅၆၄၃၃၀၇၆** |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/04012, Honda Repsol 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေလင်းထက် ၁၄/ပသန(နိုင်)၃၀၈၃၂၄ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(တိုင်းဒေသကြီးရုံး)**
**ပုသိမ်မြို့**

## အလိမ္မာ စာမှာရှိ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/15651, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၁၄/ပသန(နိုင်)၂၅၉၄၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/37014, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၄/ပသန(နိုင်)၂၀၅၉၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/45661, Traulergi B2 Trauergi ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုနိုင် ၁၄/ရကန(နိုင်)၁၂၆၇ဝ၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/86076, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၁၄/ပသန(နိုင်)၁၅၂၈၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/26866, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever ok Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၅၇၄၉၂, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲကျော် ၉/ခအဇ(နိုင်) ဝ၃၃ဝ၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/21696, KTM-DUKE-200,M/C ယာဉ်လက်ဝယ်ရှိသူ Power Moto Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

